မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး
ရေးသားတော်မူအပ်သည့်

ဝိနယကောသလ္လကျမ်း

ကျစ္စာ အရှင်လေကွဏ
တည်းဖြတ်သည်

ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့အတွက် ရိုက်နှိပ်ထုတ်ဝေသည်

သာသနာ ၂၅၄၁ ကောဇာ ၁၃၅၉ ခရစ် ၁၉၉၇

၂၄၁၅၁

[illegible]
[illegible]
[illegible]

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး
ရေးသားတော်မူအပ်သည့်

ဝိနယကောသလ္လကျမ်း

ကျစ္ဝာ အရှင်လက္ခဏ
တည်းဖြတ်သည်။

ရွှေကျင်နီကာယ စာပေထိန်းသိမ်းရေးအဖွဲ့အတွက် ရိုက်နှိပ်ထုတ်ဝေသည်။

သာသနာ ၂၅၄၁ ကောဇာ ၁၃၅၉ ခရစ် ၁၉၉၇

စာမူခွင့်ပြုချက်အမှတ် - ၄၁/၉၇ (ဂ)

မျက်နှာဖုံးခွင့်ပြုအမှတ် - ၄၂/၉၇ (ဂ)

ပဏာမအကြိမ်

၁၉၉၇ ခု၊ အောက်တိုဘာလ

အုပ်ရေ - ၃၀၀၀

တန်ဖိုး - ဓမ္မဒါန

မျက်နှာဖုံးပန်းချီ - လူထုကွန်ပြူတာ

ထုတ်ဝေသူ - ဘဒ္ဒန္တ မာနိတ
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊
မဟာအောင်မြေမြို့နယ်၊
မန္တလေးမြို့။

ပုံနှိပ်သူ - ဒေါ်တင်ဝင်း
ကြီးဟား:ရေးပုံနှိပ်တိုက် (မြို - ဝဒ၁၉၆)
၂၂၁၊ ၈၄ လမ်း၊
လက်ဆည်ကန်ရပ်၊
မန္တလေးမြို့။

မာတိကာ

	နိဒါန်း	(က)
(၁)	သင်္ဃနန်း	၁
(၂)	သပိတ်	၆
(၃)	ထာလက	၈
(၄)	အကပ်ခံ	၁၀
(၅)	ပဝါရိတ်	၁၂
(၆)	ဥပုသ်	၁၈
(၇)	ပဝါရဏာ	၂၁
(၈-၉)	ဆန္ဒ ပါရိသုဒ္ဓိ	၂၂
(၁၀)	ကပ္ပိယကုဋိ	၂၄
(၁၁)	ကာလိက	၂၆
(၁၂)	နိဿယမုစ္စက	၂၉
(၁၃)	ကျောင်းထိုင်အင်္ဂါ	၃၂
(၁၄)	ဝိဝါဒဆေဒ	၃၄

ဤစာအုပ်ရေ (၁၀၀၀) ကို ရွှေကျင်နီကာယဓိပတိဥက္ကဋ္ဌ မဟာနာယက ညောင်ရွှေမြို့ ကန်ကြီးဆရာတော်ဘုရားကြီး က လည်းကောင်း၊ အုပ်ရေ (၅၀၀) ကို စစ်ကိုင်း ကျစွာဆရာတော် အရှင်လက္ခဏာ (ပါဠိပါရဂူ) ဆရာတော် က လည်းကောင်း တာဝန်ယူ ဝမ္မဒါနပြုတော်မူကြပြီး အုပ်ရေ (၁၅၀၀) ကို ရွှေကျင်နီကာယ စာပေ ထိန်းသိမ်းရေးအဖွဲ့ ငွေပြင့် ရိုက်နှိပ် ဖြန့်ချိပါသည်။

နိဒါန်း

ဝိနယကောသလ္လကျမ်းကို မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် "နဝကော သလ္လ" ကျမ်း ဟူသော အမည်ဖြင့် ၁၂၅၃ ခုနှစ်တွင် (အရှေ့ပြင်) မဟာဝိသုဒ္ဓါရာမ ကျောင်းတိုက်၌ ရေးသားတော်မူခဲ့သည်။

ဆရာတော်ကြီးသည် ပါဠိဘာသာဖြင့် ကျယ်ဝန်းစွာ ဟောကြားဖွင့်ဆိုအပ်သော ဝိနယပိဋကပါဠို, အဋ္ဌကထာ, ဋီကာ ဟူသော ပင်လယ်ကြီးသို့ သက်ဝင်ကူးခတ်ခြင်းငှာ မစွမ်းနိုင်သေးသော အသက်ငယ်ဉာဏ်နှသည့် ရဟန်းတော်များ နားလည်စေရန် ရေးသားခဲ့ခြင်းဖြစ်၍ "နဝ ကောသလ္လ" ကျမ်းဟု နာမည်တပ်ခဲ့ခြင်း ဖြစ်သည်။

ထိုကျမ်း၌ – (၁) သင်္ကန်း ၉ ထည်။
(၂) သပိတ် ၉ လုံး။
(၃) ကပ္ပိယခွက် ၃ လုံး။
အကပ္ပိယခွက် ၉ လုံး။
(၄) အကပ်ခံအင်္ဂါ ၅ ပါး။
(၅) ပဝါရိတ်အင်္ဂါ ၅ ပါး။
(၆) ဥပုသ် ၉ ပါး။
(၇) ပဝါရဏာ ၉ ပါး။
(၈) ဆန္ဒ
(၉) ပါရိသုဒ္ဓိ
(၁၀) ကပ္ပိယကုဋိ ၄ လုံး။
(၁၁) ကာလိက ၄ ပါး။
(၁၂) နိဿယမုစ္စက
(၁၃) ကျောင်းထိုင်အင်္ဂါ
(၁၄) ဝိဝါဒဿေဒ ဟု အခန်း (၁၄) ခန်း ပါဝင်သည်။

ဤခေါင်းစီးများအောက်၌ ပါဝင်သော အချက်များသည် မသိလျှင် အာပတ်သင့်လွယ်သော သာသနာတွင်း ရောက်နေသူ ရဟန်းတော်တို့ မှချ သိရမည့်အချက်များ ဖြစ်သည်။ ကျမ်းစာကို မြန်မာစကားပြေဖြင့် ရေးသား၍ မှတ်သားဖွယ်ရာများကို ဆောင်ပုဒ် နိယံများဖြင့် ဖော်ပြထားခြင်းကြောင့် ရဟန်းသာမဏေများသာမက လူများပါ ဖတ်ရှုနားလည်ခွင့် ရှိကြလေသည်။ ဆရာတော်ကြီးသည် နဝကောသလ္လကျမ်းကို အရကျက်စေ၍ ညဉ့်အခါ ညဉ့်ဝါအဖြစ် ဆိုစေကာ ချပို့သင်ပြခြင်းဖြင့် မိမိတပည့်တို့ကို ဝိနည်းဆိုင်ရာ နားလည်ကျင့်သုံးစေတော်မူသည်။

နဝကောသလ္လကျမ်: ထွက်ပေါ်လာသောအခါ ရဟန်:ရှင်လူများ: ဝယ်ယူဖတ်ရှုကြသဖြင့် ၀ိနည်:ဆိုင်ရာ သိရှိကျင့်သုံ:ခွင့် သာသနာပြုခွင့်ရ ကုသိလ်ဖြစ်ကြရသည်။

နဝကောသလ္လကျမ်:ကို ကြည့်ရှုခွင့်ရ၍ သာသနာပြုသူများ:တွင် ရွှေလောင်:ကြီ: ပဲနင်: လည်: ပါဝင်သည်။ ရွှေလောင်:ကြီ:ဆိုသည်မှာ ဘုရင့်ခေတ်က ရေတပ်ဆိုင်ရာ စစ်လှေကြီ:ဖြစ်သည်။ ထိုစစ်လှေတော်ကြီ:၌ ပါဝင်စစ်မှုထမ်:ကြရသော တပ်မတော်သား: များ:ကို အုပ်ချုပ်ရသော ဦ:စီ:အရာရှိကို "ပဲနင်:" ဟု ခေါ်သည်။

ရွှေလောင်:ကြီ: ပဲနင်:သည် နဝကောသလ္လစာအုပ်ကို ဖတ်ပြီ: မိမိအိမ်သို့ ဆွမ်:ခံကြွလာသော ရဟန်:ထာ်များ:အား: "ဒီသက်နိ:ရောင်မျိ: မအပ်ပါဘူ:" "ဒီသပိတ်မျိ: သုံ:ဆောင်ကောင်:ပါရဲ့လာ:" စသည်ဖြင့် ပြောဆိုလျှောက်ထား: ပြုပြင်ပေ:လေ့ရှိသည်။

"ဝိနယကောသလ္လကျမ်း"

ဝိနယကောသလ္လကျမ်:ကို နဝကောသလ္လကျမ်:အမည်ဖြင့် ရေ:သာ:ထော်မူခဲ့ကြောင်: ကျေ:ဇူ:ရှင်နဝမရွှေကျင်သာသနာပိုင် စံကင်:ဆရာတော်ဘုရား:ကြီ:၏ မိန့်ကြာ:ချက်အရ သိခဲ့ရသော်လည်: ထိုအမည်ပါသော ပေမူ၊ ပုံနှိပ်မူများ: မတွေ့ရှူ:ပါ။ တွေ့ရှူ:သမျှသော စာအုပ်များ:မှာ ဝိနယကောသလ္လဟူသောအမည်ဖြင့်ချည်:သာ ဖြစ်သည်။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရား:ကြီ:သည် ဝိနယကောသလ္လကျမ်:နှင့်အတူ ကျေ:ဇူ:ရှင် ရွှေကျင်ဆရာတော်ကြီ: ရေး၍ ရှမ်:ကလေ:ကျွန်:ဆရာတော် တင်သွင်:အပ်သော ဓမ္မဝိနယအမိန့်တော်ပြန်တမ်:ကြီ:၊ ရွှေကျင်ဆရာတော်ဘုရား:ကြီ: ဘဝခရီ: အပြီ:မသတ်မီ တစ်နှစ်အလို ရှိမ်:မကာ:နေ တပည့်ဒကာ ဒကာမတို့ထံ ရေ:သာ:ဆုံ:မသည့် ပထမောဝါဒ, ဒုတိယောဝါဒတို့ကို ရိုက်နှိပ်ပူ:တွဲစေ၍ ဂိုဏ်:သံဃာများ:အား: ဝေငှခြင်:၊ သူတစ်ပါ:တို့ကိုလည်: ဝေငှကုသိလ်ပြုရန် တိုက်တွန်:တော်မူခြင်:တို့ကြောင့် ရှေ:အခါကထိုစာအုပ်များ: နေရာဒေသအနှံ့ တွေ့ရတတ်ပေသည်။

"ရှေးမှ နှင့် ယခုမှ"

ရှေ:အခါက ထုတ်ဝေခဲ့သောစာမူများ:၌ နံပါတ် (၁၃) ကျောင်:ထိုင်အင်္ဂါအပြီ:တွင်

"ကျောင်:ထိုင်အင်္ဂါ မပြည့်မစုံဘဲလျက် မန္တလေ:မြို့ စာသင်တိုက်ကြီ:များ:မှ ထွက်ပြေ:၍ ကျောင်:ထိုင်ကြသော တပည့်များ:အတွက် ရှိမှုကား: ဆရာတော်ဘုရား: ရေ:သာ:ဆုံ:မအပ်သော ဩဝါဒမေတ္တာစာ" ဟု ဆက်လက် ရေ:သာ:တော်မူပြီ: "သုံ:လှ.ဘ သခင်၊ မြတ်ချစ်ရှင်၏၊ နေလှလင်တက်သစ်" အစချီသော အောက်ပြေ:မေတ္တာစာကို ထည့်သွင်: ဖော်ပြထာ:သည်။

တွံတေ:ဆရာတော် တည်:ဖြတ်၍ ၁၂၇၄ ခုနှစ်၊ တပို့တွဲလတွင် ရန်ကုန်မြို့ ပြည်ကြီ:မဏ္ဍိုင်ပုံနှိပ်တိုက်၌ ရိုက်နှိပ်သော ဝိနယကောသလ္လကျမ်:မှစ၍ ယခုလက်ရှိမူများ: အထိ ထိုမေတ္တာစာ ထည့်သွင်:ဖော်ပြခြင်: မရှိတော့ပေ။

"ပြန်လည်ရိုက်နှိပ်ဖြန့်ဝေရခြင်း"

ရှေးအခါက ဝိနယကောသလ္လကျမ်းကို ဖော်ပြခဲ့ပြီးသောအတိုင်း ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းကြီး ပထမောဝါဒ, ဒုတိယောဝါဒတို့နှင့် တွဲဖက်၍ ရိုက်နှိပ်ဖြန့်ဝေခဲ့ကြခြင်း၊ ၁၂၇၄ ခုနှစ် နောက်ပိုင်း၌ တွံတေးဆရာတော် တည်းဖြတ်သောမူကို စာသင်သားသုံး ဝိနည်းငယ်လေးစောင်ပါ၌ စာအုပ်များနောက်ပိုင်း၌ ပူးတွဲရိုက်နှိပ်ကြခြင်းကြောင့် မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်၌ ပျံ့နှံ့တည်ရှိခဲ့သော်လည်း ယခုအခါ သီးသန့် ရိုက်နှိပ်ဖြန့်ဝေခြင်း လည်း မရှိ၊ ယခုခေတ် စာသင်သားကိုင် ဝိနည်းငယ် လေးစောင်ပါ၌စာအုပ်များ၌ ဒွေမာတိကာ မြန်မာပြန်ကို ထည့်သွင်းပုံနှိပ်ထားသဖြင့် ရှေးက စာအုပ်များမှာကဲ့သို့ ဝိနယကောသလ္လကျမ်း, ဆီးဘန်နီဆရာတော်ကြီး၏ ကထိန်အမေးအဖြေ, ရဟန်းလောင်း ဆုံးမခန်းများ ပါဝင်ခြင်း မရှိတော့ပေ။ ထို့ကြောင့် ဝိနယကောသလ္လကျမ်းသည် သံဃာ့လောက၌ အတွေ့နည်းလာပြီး နားလည်မှု ကျင့်သုံးမှုလည်း နည်းလာသည်။ ထိုအချက်ကို သတိပြုမိသော ညောင်တုံးမြို့ ရွှေဟင်္သာတောရကျောင်းတိုက် ဝိနည်းပြန်ဌာနက စုဒ္ဒသမအကြိမ် ဂိုဏ်းလုံးကျွတ်သံဃာ့အစည်းအဝေးကြီး၌ ဝိနယကောသလ္လကျမ်းစာ ပျံ့နှံ့ရေးကိစ္စ အဆိုတစ်ရပ် တင်သွင်းခဲ့ပေသည်။ ထိုအဆိုကို အစည်းအဝေးကြီးက လက်ခံပြီး ဆုံးဖြတ်ချက်အမှတ် (၂) အဖြစ် –

> "ဝိနယကောသလ္လကျမ်းကို ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့က ရိုက်နှိပ်၍ ရွှေကျင်နိကာယဝင် ကျောင်းတိုက်များက မိမိတို့တာဝန်ဖြင့် ယူကြရန်" ဟု ဆုံးဖြတ်ခဲ့ပေသည်။

"တည်းဖြတ်ရိုက်နှိပ်ရေးတာဝန်"

ထိုဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် ရွှေကျင်နိကာယစာပေ ထိန်းသိမ်းရေးအဖွဲ့က "ကျမ်းစာတည်းဖြတ်ရန်နှင့် ကျမ်းညွှန်း၊ ခက်ဆစ်အဖြေ ရေးသားထည့်သွင်းရန် တာဝန်ကို စစ်ကိုင်းတောင်ရိုး ကျစွာချောင် ဝိဇယရံသီစာသင်တိုက် ပဓာန နာယက ဆရာတော် အရှင်လက္ခဏ (ဓမ္မာစရိယ၊ ပါဋိပါရဂူ) အား တာဝန်ပေးအပ်ခဲ့သည်။

တာဝန်ခံ အရှင်လက္ခဏသည် မိမိ၌ နိုင်ငံတွင်း နိုင်ငံပတရားစခန်းများ မပြတ်ဖွင့်ပေးနေရခြင်း၊ လက်ရှိ စာသင်တိုက်တာဝန်၊ ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံတာဝန်များ ဖြင့် အားလပ်ခွင့် မရအောင် ရှိနေသဖြင့် စစ်ကိုင်းတောင်ရိုး ဝိဇ္ဇာဒပွဏိချောင် စာချဘုန်းကြီး ဥုးနန္ဒမာလာကို ကျမ်းညွှန်းနှင့် ခက်ဆစ်အဖြေများ ရေးသားရန် ထပ်ဆင့် တောင်းပန်ရလေသည်။

ဝိဇ္ဇာဒပွဏိစာချဘုန်းကြီး ဥုးနန္ဒမာလာ (ဓမ္မာစရိယ) အရှင်မြတ်သည် ပိဋကတ်စာပေ အရည်အချင်း ပြည့်ဝသူပီပီ တာဝန်ယူရေးသားပြီး မူလတာဝန်ခံဆရာတော် အရှင်လက္ခဏထံ ပြန်လည်အပ်နှံလေသည်။

အရှင်လက္ခဏထေရ်က ထိုစာမူကို ပြန်လည်စစ်ဆေး တည်းဖြတ် အတည်ပြုကာ ရိုက်နှိပ်ခြင်း ဖြစ်ပေသည်။

"ရွှေကျင်နိုကာယ စာပေထိန်းသိမ်းရေးမူ"

ရွှေကျင်နိုကာယစာပေထိန်းသိမ်းရေးမူဖြစ်သော ဤဝိနယကောသလ္လကျမ်းစာမူသည် ရှေးရှေးစာမူများနှင့် မတူဘဲ ကျမ်းညွှန်းများ ပါဝင်ခြင်း၊ ခက်ဆစ်အဓိပ္ပာယ်များ၊ စုံစုံလင်လင် ပါဝင်ခြင်းကြောင့် ဝိနယကောသလ္လကျမ်းလာ အာဆိဒမိန့်အား လုံးကို များလည်း သဘောပေါက်ကြလိမ့်မည်မှာ သံသယရှိဖွယ် မလိုပေ။ ထိုသို့ ဝိနယကောသလ္လကျမ်းလာ အဆိုအမိန့်အား လုံးကို သဘောပေါက်များလည်းသဖြင့် ရဟန်းတော်များ လက်တွေ့ကျင့်သုံးကာ သာသနာပြုတော်မူနိုင်ကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။

ဥပကျိုးဆောင်
ရွှေကျင်နိုကာယစာပေထိန်းသိမ်းရေးအဖွဲ့
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့။

၁၃၅၉ ခုနှစ်၊ နယုန်လဆန်း (၈) ရက်
(၁၃-၆-၉၇)

ဝိနယကောသလ္လကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ သင်္ကန်း (၉) ထည်

သံဃာဋိ, ဥတ္တရာသင်္ဂ, အန္တရဝါသက, ပရိက္ခာရစောဋ္ဌ, ဝဿိကသာဋိက, ကဏ္ဍုပ္ပဋိစ္ဆာဒိက, ပစ္စတ္ထရဏ, မုခပုဥ္ဆန, နိသီဒန ဤသင်္ကန်းကိုးထည်ကို[၁] အဓိဋ္ဌာန်တင်လိုမူ –

"ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"[၂] စသည်အမည်ဖြင့် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ ကိုယ်နှုတ်နှစ်ပါးဖြင့်လည်းကောင်း တင်ရသည်။

နှစ်တောင်ထွာ ဟတ္တပါသ်မှ အပ၌ တည်မူ ဧတံ–ဟုဆို။

၁။ သင်္ကန်း(၉)ထည် = (၁) သံဃာဋိ = နှစ်ထပ်သင်္ကန်းကြီး။
(၂) ဥတ္တရာသင်္ဂ = အပေါ်ရုံဧကသီ။
(၃) အန္တရဝါသက = ခါးဝတ်သင်းပိုင်။
(၄) ပရိက္ခာရစောဋ္ဌ = အတိုအထွာ ပရိက္ခရာအသုံးအဆောင်အဝတ်များ။
(၅) ဝဿိကသာဋိက = မိုးရေခံသင်္ကန်း, မိုးရေချိုးအဝတ်။
(၆) ကဏ္ဍုပ္ပဋိစ္ဆာဒိက = အနာလွှမ်းအဝတ်။
(၇) ပစ္စတ္ထရဏ = ကြမ်းပြင် စသည်၌ ခင်းသောအခင်း။ (အိပ်ရာခင်း)
(၈) မုခပုဥ္ဆန = မျက်နာသုတ်ပုဝါ။
(၉) နိသီဒန = ခင်းထိုင်စရာ နိသီဒိုင် (နေရာထိုင်အခင်း)

ဤအဝတ် (၉) မျိုးကို ဗုဒ္ဓမြတ်စွာဘုရားသာသနာတော်၌ သင်္ကန်း (၉) ထည် ဟုခေါ်ကြ၏။ သင်းပိုင်၊ ကိုယ်ရုံနှင့် နှစ်ထပ်သင်္ကန်းဟူသော (တိစီဝရိတ်) သင်္ကန်း (၃) ထည်ကား မူလသင်္ကန်းတည်း။

ကျန် (၆) ထည်သည် နောက်ထပ်ခွင့်ပြုတော်မူအပ်သော နောက်တိုးသင်္ကန်း (အဝတ်) များ ဖြစ်၏။

ယင်း (၉) ထည်တွင် နိသီဒိုင်၊ မိုးရေခံ၊ အနာလွှမ်းဟူသော သင်္ကန်း (၃) ထည် ကား ယခုကာလ၌ သုံးစွဲရိုး မရှိတော့။ (ဝိ၊ ၃။ ၄၁၀၊ ၄၁၁ ကြည့်)

၂။ ဝိ၊ ၄၊ ၂၊ ၂၂၆။ ကခါ၊ ၄။ ၁၅၄၊ ခုဒ္ဒသိက္ခာ။ ၁၃၇၊ ဝိနယသင်္ဂဟ၊ ၃၂။ သာရတ္ထ၊ ၂၊ ၃၈၇။ ကခါဋီသစ်၊ ၂၈၀။ ဝိနယဝိနိစ္ဆယဋီ၊ ၁။ ၂၇၁။

ပရိက္ခာရစောင္, ပစ္စတ္ထရဏ နစ်ထည်ကား အမျာ:အပ်၏။ ထို့ကြောင့် အမျာ:တင်မူ - 'ဣမာနိ, စတာနိ' ဟုဆို။ မုခပုဉ္ဆနကား နစ်ထည်အပ်၏။ ကြွင်း: ခြောက်ထည်မှာ တစ်ထည်စီသာ အပ်သည်။

ထိုသက်န်: (၉) ထည်တို့၏ ပမာဏကား ထင်ရှာ:သိလွယ်ပြီ။

တင်ပြီ:သော အဓိဋ္ဌာန်ကို ချလိုမူ - "ဣမံ သံဃာဒိံ ပစ္စုဒ္ဓရာမိ"[1] စသည်ဖြင့် အဝေ:, အနိ:, အနည်:, အမျာ:ကို မှတ်၍ဆို။

ယင်: (၉) ထည်တို့တွင် တိစီဝရိတ်နှင့် တစ်ညဉ့်မျှ မကင်:ရ။ ကင်:သော် နိဿဂ္ဂိထိုက်၏။ သံဃာ၊ ဂိဏိ:၊ ပုဂ္ဂိုလ်တို့တွင် တစ်ပါ:ပါ:အထံ၌ - "ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိ ဝိပ္ပဝတ္ထံ အညတြ ဘိက္ခာ။ သမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ"[2] ဟု ဆို၍ စွန့်ပြီ:မှ ဒေသနာ ကြာ:အပ်၏။

ကြာ:ပြီ:သော် ဝိနည်:ဓိရ်ရဟန်:က "ဣမံ စီဝရံ တုယှံ ဒမ္မိ"[3] ဟု ဆို၍ ပြန်ပေ:ရသည်။

သကသညာဖြင့် မပေ:နေမူ ဘဏ္ဍာဒေယျဒုက္ကဋ်။ ထေယျစိတ်ဖြင့် မပေ:နေမူ တန်ဖိုး:ကို ပြတ်၍ ဆုံ:ဖြတ်။ အနိ:၊ အဝေ:၊ အနည်:၊ အမျာ:မှာ ယခင်နည်:ကိုမှီ၍ ဆို။ နိသိဒိုင်နှင့်ကား လေ:လမကင်:ရ၊ ကင်:မူ ဒုက္ကဋ်။

အဓိဋ္ဌာန်လည်:မတင်၊ ဝိကပ္ပနာလည်: မပြုက အတိရေကသင်္ကန်:ဖြစ်ရကား: ဆယ်ရက်လွန်လျှင် နိဿဂ္ဂိအာပတ်သင့်၏။ "ဣဿာဟာတိက္ကန္တံ"[4] ဆို၍ ရှေ:နည်:စွန့်။

ယင်: (၉) ထည်ကို အဓိဋ္ဌာန် မတင်လိုမူ "ဣမံ သံဃာဒိံ ပစ္စုဒ္ဓရာမိ"[5] စသည်ဖြင့် အမည်ဖြင့် အဓိဋ္ဌာန်ချပြီ:လျှင် တစ်ပါ:ရဟန်:အထံ၌ -

"ဣမံ စီဝရံ အာယသ္မတော ဝိကပ္ပေမိ"[6] ဟု ဝိကပ္ပနာပြု။ ဝိနည်:ဓိရ်ရဟန်:က - "မယံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာ ပစ္စယံ ကရောဟိ"[7] ဟု ဆို၍ ပစ္စုဒ္ဓိရ်ပြန်။

အယုတ်ဆုံ:အလျား:တစ်ထောင်ထွာ၊ အနံတစ်ထွာ့လက်ခြောက်သစ်ရှိသော အိတ်၊ ပဝါ စသည်ကိုပင် ဝိကပ္ပနာ ပြုရသည်မှတ်။

၁။ ပိ၊ ၄၊ ၂၊ ၂၂၆။ ကခ်ဂိ၊ ၁၅၄။ ခုဒ္ဒသိက္ခာ၊ ၁၃၇။ ဝိနယသင်္ဂဟ၊ ၃၂။ သာရတ္ထ၊ ၂၊ ၃၀၇။ ကခ်ဝိတရဏီ၊ ၂၀၀။ ဝိနယဝိနိစ္ဆယဋီ၊ ၁၊ ၂၇၁။

၂။ ဝိ၊ ၁၊ ၂၉၉။ ကခ်ဂိ၊ ၄။ ၁၅၀။ ခုဒ္ဒသိက္ခာ၊ ၁၉၁။

၃။ ဝိ၊ ၁၊ ၂၉၆။ ကခ်ဂိ၊ ၄။ ၁၅၆။ ခုဒ္ဒသိက္ခာ၊ ၁၉၁။
(အာယသ္မတောနှင့် တုယှံ အပြောင်:အလွဲ ရှိ၏။)

၄။ "ဣဒံ မေ ဘန္တေ စီဝရံ ဒဿာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ" - ဟု ဆို၍ စွန့်. (ဝိ၊ ၁။ ၂၉၆။ ခုဒ္ဒသိက္ခာ၊ ၁၉၁)

၅။ ဝိ၊ ၄။ ၂။ ၂၂၆။ ကခ်ဂိ၊ ၄၊ ၁၅၄။ ဝိနယသင်္ဂဟ၊ ၃၂။ ခုဒ္ဒသိက္ခာ၊ ၁၃၇။

၆။ ဝိ၊ ၂။ ၁၆၀။ ဝိ၊ ၄၊ ၂။ ၂၃၀။ ကခ်ဂိ၊ ၄။ ၂၄၃။ ခုဒ္ဒသိက္ခာ၊ ၁၆၆။ ဝိနယသင်္ဂဟ၊ ၃၅။ (တုယှံ နှင့် အာယသ္မတော ပြောင်:လွဲ၏။)

၇။ ဝိ၊ ၂။ ၁၆၁။ ဝိ၊ ၄၊ ၂။ ၂၃၀။ ကခ်ဂိ၊ ၄၊ ၂၄၃။ ခုဒ္ဒသိက္ခာ၊ ၁၆၇။ ဝိနယသင်္ဂဟ၊ ၃၅။

မှတ်ချက် ။ ။ "မယံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိ" ဟု ဆဋ္ဌမ ပါဠိတော်၊ အဋ္ဌကထာတို့၌ "ယထာ ပစ္စယံ ဝါ" ဝယ် ဝါသဒ္ဒါဖြင့် ရှိနေ၏။ ရှေးမူတို့၌ "ယထာပစ္စယံ ကရောဟိ" ဟူ၍သာ ရှိ၏။ ရှေး ... ါစိတ်ပါဠိတော်အချို့၌ကား "ယထာ ပစ္စယံ ဝါ" ဟူ၍ပင် ဝါ သဒ္ဒါဖြင့် ရှိ၏။ ဝါ - သဒ္ဒါသည် အဋ္ဌာနပယုတ် ဖြစ်သောကြောင့်

"သံ, ဥတ်, အန်, ပ၊ ဝသ်, ကဏ်, ပ၊ မုခ, နိသီဒိုင်။"[၁] သင်္ကန်းကိုးထည် အစဉ်။

"ထွက်, ယူ, ပေး, လု၊ မစ္ဆုလိုင်ပြန်၊ အဓိဋ္ဌာန်ချ၊
သိက္ခာကျ၊ အဋ္ဌ အဓိဋ္ဌာန် စွန့်ကြောင်းတည်း။"[၂]
"လက်သန်းသည်းမျှ၊ ပေါက်လတ်က၊ သုံးဝတီစီဝရိတ်ကျကြောင်းတည်း။[၃]
လျှားဆဲ့နှစ်သစ်၊ နံရှစ်သစ်၊ လေးသစ်သင်းပိုင် နံပေါက်တည်း"[၄]
– ပ, ပ, နိ, မ၊ ဤလေးခု၊ ဗိန္ဓုဆိုးရည် မရွေးတည်း။[၅]

"ယထာ ပစ္စယံ ဝါ" ဟု ဝါ–သဒ္ဒါပါမူသင့်ဖွယ် ရှိရာ၏။ ဆရာတော်ဗုဒ်၏ ခုဒ္ဒသိက္ခာနိသျဉ်လည်း ဝါသဒ္ဒါကို အဋ္ဌာနပယုဂ်ပင် အနက်ပေးတော်မူ၏။ သေချာစွာ ကြည့်လေ။

၁။ "သင်္ကန်း (၉) ထည် လက်ံရှင်းတမ်း"
သံ = သံဃာဋီ။ ဥတ် = ဥတ္တရာသင်္ဂ်။ အန် = အန္တရဝါသက။ ပ = ပရိက္ခာရစောင်္။ ဝဒ် = ဝသိကသာဋိက။ ကဏ် = ကဏ္ဍုပ္ပဋိစ္ဆာဒိက။ ပ = ပစ္ဆိတ္တရဏ။ မုခ = မုခပုဉ္ဆန။ နိသီဒိုင် = နိသီဒန (နေရာထိုင်)။

၂။ အဓိဋ္ဌာန်ပျက်ကြောင်း (၈) ပါး။
(၁) ထွက် = သိက္ခာမချဘဲလူထွက်ခြင်း။ (၂) ယူ = ချစ်ကျွမ်းဝင်၍ယူခြင်း။
(၃) ပေး = သူတစ်ပါးအား ပေးခြင်း။ (၄) လု = လုယူသွားခြင်း။
(၅) မစ္ဆု = သေဆုံးခြင်း။ (၆) လိင်ပြန် = ယောကျ်ား၊ မိန်းမဘဝပြောင်းလွဲခြင်း။
(၇) အဓိဋ္ဌာန်ချ = ပစ္ဆုဒ္ဒါရ်ပြုခြင်းဟူသော အဓိဋ္ဌာန်ချခြင်း။
(၈) သိက္ခာကျ = သိက္ခာချခြင်းဟူ၍ သင်္ကန်းကိုးထည်လုံးအတွက် အဓိဋ္ဌာန်စွန့်ကြောင်း (၈) ပါး။ (ဝိ၊ ဋ၊ ၂။ ၂၂၇၊ ၈။ ကခ်ီ၊ ဋ္ဌ။ ၁၅၅။ ခုဒ္ဒသိက္ခာ၊ ၁၃၉)

၃။ တိစီဝရိတ် အဓိဋ္ဌာန်တင်၍ ဆောင်ထားသောသင်္ကန်းသုံးထည်အတွက်မှာ – လက်သန်း၏ လက်သည်းခွံလောက် အပေါက်ပေါက်ခဲ့လျှင် အဓိဋ္ဌာန်ပျက်တော့၏။ ထိုကိုရည်ရွယ်၍ ဆရာတော်ဘုရားကြီးက "လက်သန်းသည်းမျှ၊ ပေါက်လတ်က၊ သုံးဝတီစီဝရိတ် ကျကြောင်းတည်း။" ဟူ၍ တိစီဝရိတ်သင်္ကန်းသုံးထည်၏ အဓိဋ္ဌာန်ပျက်ကြောင်းတစ်ပါးကို ဆိုတော်မူ၏။

ဤသို့အားဖြင့်အဓိဋ္ဌာန်ပျက်ကြောင်း၊ အဓိဋ္ဌာန်စွန့်ကြောင်း (၉) ပါးရှိသည်ဟု မှတ်ယူရာ၏။ (ဝိ၊ ဋ။ ၂။ ၂၂၀) ဝိနယသင်္ဂဟ၊ ၃၅။

မှတ်ချက် ။ ။ သင်္ကန်းလက်သန်းသည်းခွံလောက်ပေါက်ခြင်း၊ တစ်ပါးဟူ ရေတွက်ရာ၏။

၄။ နှစ်ထပ်သင်္ကန်းကြီးနှင့် ဧကသိဋ္ဌ အလျား ၁၂ လက်သစ် (တစ်ထွာ)။ အနံ ၈ လက်သစ် (တစ်မိုက်) အတွင်း၊ လက်သန်းသည်းမျှ ထုတ်ချင်းပေါက်ခြင်း။

သင်းပိုင်ဋ္ဌ အလျား ၁၂ – လက်သစ် (တစ်ထွာ)။ အနံ လက် ၄ – သစ် အတွင်းလက်သန်းသည်းမျှ ထုတ်ချင်းပေါက်ခြင်း ဟူ၍ အဓိပ္ပာယ်ခွဲခြားယူစေတော်မူလိုသောကြောင့် –
"လျှားဆယ့်နှစ်သစ်၊ နံ ရှစ်သစ်၊ လေးသစ်သင်းပိုင် နံပေါက်တည်း" ဟု ဆိုတော်မူ၏။ (ဝိ၊ ဋ၊ ၂။ ၂၂၀။ သခ်ီ၊ ဋ။ ၁၅၅၊ ခုဒ္ဒသိက္ခာဋီ၊ သစ်၊ ၂၀၃။)

၅။ ပ – ပစ္ဆိတ္တရဏ၊ ပ – ပရိက္ခာရစောင်္၊ နိ – နိသီဒန၊ မ – မုခပုဉ္ဆန ဤသင်္ကန်း၊ လေးထည် (အဝတ် ၄ – မျိုး) သည် ကပ္ပဗိန္ဒု မထိုးသော်လည်းကောင်း, မည်သည့် ဆိုးရည်ဖြင့်ဆိုးသော်လည်းကောင်း၊ အပ်သည်ဟု ဆိုလိုသည်။ ကပ္ပဗိန္ဒုထိုး, မထိုး ရွေးချယ်စရာ မလို၊ အပ်, မအပ် ဆိုးရည်မျှားကို ရွေးချယ်စရာ မလို – ဟု သိစေလို သောကြောင့် – "ပ – ပ – နိ – မ၊ ဤလေးခု၊ ဗိန္ဓုဆိုးရည်မရွေးတည်း" ဟု ကဗျာစီကုံး တော်မူသည်။
(ခုဒ္ဒသိက္ခာ၊ ၁၃၉။ ခုဒ္ဒသိက္ခာဋီ၊ ဃောင်း။ ၉၅။ ဋီ၊ သစ်၊ ၂၀၀။)

– ရွာ, အိမ်နှင့်တိုက်၊ ထီးစိုက်, ဥုးပြည်း၊ လှေ, လှည်း, ပြ, လယ်၊ ကောက်နယ်, သစ်ပင်၊ လွင်, အရာမ်, ကျောင်း၊ တန်ဆောင်း, ပဉ်ဒ၊ ဧကုလ၊ အဝိပွဝါသ အရပ်တည်း။

တိစီဝရိတ်နှင့် ညဉ့်မကင်းကောင်းသောအရပ် တစ်ဆယ့်ငါးပါး။[၁]

အနာမန္တ၊ အသမာဒါ၊ ယာဝါဂဏ၊ ယော တတ္ထ။

ပဉ္စအာနိသင်။ ။ ကထိနစီဝရာနိသင် (၅) ပါး တည်း။[၂]

ထိုတွင် အသမာဒါနာစာရမှ ကြွင်းသော လေးပါးတို့သည် ကထိန် မခင်းဘဲ တစ်လရကောင်းသောကြောင့် ကာလာနိသံသ မည်သင့်၏။

၁။ တိစီဝရိတ်သင်္ကန်းနှင့် ညဉ့်မကင်းကောင်းသောအရပ် (၁၅) ပါးကား – ရွာ၊ အိမ်၊ ဘဏ္ဍာတိုက်၊ ထီးတင်ထားသောပြာသာဒ်၊ ထီးမတင်သော အုတ်တိုက်ခေါင်းတုံး၊ လှေ၊ လှည်း၊ ပြအိုး၊ လယ်ယာ၊ ကောက်နယ် – တလင်း၊ သစ်ပင်၊ လွင်တီးခေါင်၊ သစ်သီး ခြံ၊ ပန်းခြံ (အာရာမ်)၊ ကျောင်းတိုက်၊ တန်ဆောင်း – ဟူ၍ တိစီဝရိတ်သင်္ကန်းနှင့် ညဉ့်မကင်းရာသောအရပ် (၁၅) ပါး (တိစီဝရိတ်သင်္ကန်းထားနိုင်ရာ (၁၅) ဌာနတည်း။]

မှတ်ချက် ။ ။ "တန်ဆောင်း 'ပဉ်ဒ'၊ ဧကုလ၊ အဝိပွဝါသအရပ်တည်း။" ဟူသော ကဗျာ၌ "ပဉ်ဒ" ကို ပဉ္စဒသ (၁၅) ဟု လည်းကောင်း၊ "ဧကုလ" ကို ဧကကုလ ဂါမနှင့် နာနာကုလဂါမ ဟု အဓိပ္ပာယ် ခွဲယူပါ။

မင်းတစ်ယောက်၊ သူကြီးတစ်ပိုင်ဖြစ်သော၊ ရွာစည်းရိုးရှိ, မရှိ၊ ဥပစာတစ်ခုသာရှိသော တစ်ဦးပိုင်ရွာမျိုးကို ဧကကုလဂါမ ခေါ်၏။ နိဝေသန စသည်ကိုလည်း ထို့အတူ ယူပါလေ။

ထို (၁၅) ဌာနကား သင်္ကန်းနှင့် ညဉ့်မကင်းကောင်းသောဌာနများတည်း။ ထို့ကြောင့် "အဝိပွဝါသ အရပ်များ" ဟု ဖွင့်ပြတော်မူ၏။

(ဝိ၊ ၁။ ၂၉၉၊ ဝိ၊ ၌၊ ၂။ ၂၃၃။ ကခီ၊ ၌၊ ၁၅၈။ ခုဒ္ဒသိက္ခာ၊ ၁၃၉။)

၂။ ကထိနစီဝရာနိသင်ငါးပါး (= ကထိန်အာနိသင် ၅-ပါး)

(၁) အနာမန္တာစာရ = ထင်ရှားရှိသော ရဟန်းကိုခွင့်မပန်ဘဲ ရွာထဲ, မြို့ထဲ သွားခြင်းကြောင့် အာပတ်မသင့်ခြင်း။

(၂) အသမာဒါနာစာရ = တိစီဝရိတ် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းနှင့် ညဉ့်ကင်း၍ လှည့်လည် သွားလာသော်လည်း အာပတ်မသင့်ခြင်း။

(၃) ဂဏ ဘောဇန = မအပ်သောနည်းဖြင့် ပင့်ဖိတ်အပ်, တောင်းခံအပ်သော ဘောဇဉ်ကို (၄)ပါး စသော ရဟန်းတို့ အတူခံယူ၍ စားခြင်းကြောင့် အာပတ်မသင့်ခြင်း။။။

(၄) ယာဝဒတ္ထစီဝရ = ကထိန်မနှတ်သမျှကာလအတွင်း အလိုရှိသမျှသော အဝတ်, သင်္ကန်း များကို အဓိဋ္ဌာန်မတင်၊ ပိုကပွနာ မပြုဘဲ ထားခြင်းကြောင့် အာပတ်မသင့်ခြင်း။

(၅) ယောစတတ္ထစီဝရပွါဒ = ကထိန်ခင်းရာ ကျောင်းတိုက်အတွင်း၌ ဖြစ်ပေါ်လာသမျှသော သံယိက လာဘ်လာဘတို့ကို ထိုကျောင်းတိုက်ရှိ ကထိန်အာနိသင်ရသော ရဟန်းတို့သာ ရပိုင်ခွင့်၊ ဝေဖန်ပိုင်ခွင့် ရှိခြင်း။ (ဝိ၊ ၃၊ ၃၅၂။ ဝိ၊ ၌၊ ၃။ ၃၀၀။ ဝိနယ ဝိနိစ္ဆယ၊ ၂၆၁။ ဝိနယာလင်္ကာရ၊ ၂၊ ၁၄၇)

ထို့ကြောင့် ကဒ်ါဠိကာသစ်၌ –

“အနတ္ထတကထိနာ ပနက္ကမေသု ပဉ္စာနိသံသေသု အသမာဒါနာ စာရံ ထပေတွာ သေသာနိသံသေ လဘန္တိ”။ မိန့်သည်။[၁]

သင်္ကန်းသုံးထည်ကို တိစီဝရိတ်အမည်ဖြင့် အဓိဋ္ဌာန်တင်။ ကြွင်းသမျှ ကို ပရိက္ခရာစောင်္ဂချည်းသော်လည်းတင်၊ ဝိကပ္ပနာချည်းသော်လည်းပြု။

တစ်နည်းလည်း အလုံးစုံရှိသမျှကို ပရိက္ခာရစောင်္ဂချည်းတင်၊ တစ်နည်း လည်း ဝိကပ္ပနာချည်း၊ ပြု။ သုံးနည်း။

တိစီဝရိတ် ဓုတင်ဆောင်လိုမူ သင်္ကန်းသုံးထည် အံ့သင်္ကိုင်္ဒတစ်ထည် ဤလေးထည် သာ အပ်၏။ ထိုတွင် သုံးထည်ကို တိစီဝရိတ် အမည်ဖြင့်တင်၊ အံ့သင်္ကိုင်္ဒကို ပရိက္ခာရ စောင်္ဂတင်၊ ဝိကပ္ပနာသော်လည်းပြု။ တစ်နည်းလည်း ပရိက္ခာရစောင်္ဂချည်းတင်။ တစ်နည်း လည်း ဝိကပ္ပနာချည်းပြု။ သုံးနည်း။

သီးလုံးဆရာတော်ဘုရားကြီးကား သုံးထည်ကို တိစီဝရိတ်တင်၍ ကြွင်းကို ဝိကပ္ပနာပြုစေလိုသတတ်။

ရှေ့စကားကျမ်းဂန်နှင့် ညီအံ့ထင်သည်။ အုတ်ကျောင်းဆရာတော်ဘုရားလည်း နှစ်သက်တော်မူသည်။

သင်္ကန်းပြီး၏။

၁။ ကခ်ါ၊ ဋီ၊ သစ်၊ ၂၇၀။ (အနည်းငယ်ကွဲပြား)

၂။ သပိတ် (၉) လုံး

ဥက္ကဋ္ဌ, မဇ္ဈိမ, သြမက ဟု သပိတ်သုံးလုံးတွင် တစ်လုံးတစ်လုံးကို ဥက္ကမ္မကဋ္ဌ, ဥက္ကဋ္ဌမဇ္ဈိမ, ဥက္ကဋ္ဌောမက စသည်ဖြင့် သုံးလုံးစီခွဲ၍ သပိတ်ကိုးလုံး ဖြစ်၏။[၁]

မူလသုံးလုံးတို့တွင် ဥက္ကဋ္ဌသပိတ်သည် ယခု လူတို့ပြည် ကွမ်းစားဖြင့် သုံးပြည်ဝင်၏၊ မဇ္ဈိမသပိတ်သည် သုံးခွက်ဆန်၏၊ သြမကသပိတ်သည် သုံးစလယ် ဝင်၏၊ ဟောက်သည် မောက်သည်ကို ရှု၍ နောက်သုံးလုံးစီပြားသွားသည်ကို မှတ်သားခွဲဝေလေ။

ထို ကိုးလုံးတို့တွင် အကြီးဆုံးဥက္ကမ္မကဋ္ဌသပိတ်၊ အငယ်ဆုံး သြမတောမကသပိတ် ဤနှစ်လုံးသည် သပိတ်မမည်၊ အဓိဋ္ဌာန် ဝိကပ္ပနာမလောက် ကြွင်းခုနစ်လုံးသာ အပ်သည်။

"အယော ပတ္တော ဘူမိပတ္တော ဇာတိယာ ကပ္ပိယာဒုဝေ"[၂] ဟူသည် အတိုင်း ဇာတ်အားဖြင့် သံသပိတ်, မြေသပိတ် နှစ်လုံးသာ အပ်သည်။

ထိုတွင် "အယောပတ္တော ပဏ္ဍုဟိ ပါကေဟိ၊ ဘူမိပတ္တော ဒွိဟိ ပါကေ ဟိ ပက္ကော အဓိဋ္ဌာနုမဂေါစ"[၃] ဟူသည်နှင့်အညီ သံသပိတ် - ငါးကြိမ်, မြေသပိတ်နှစ်ကြိမ် ဖုတ်မှ အပ်သည်။

"သစေ တေလဝဏ္ဏော ဟောတိ၊ ကပ္ပတိ"[၄] ဟု ဋီကာ ဆိုသောကြောင့် ငါးကြိမ်, နှစ်ကြိမ်ပင် မစေ့သော်လည်း ဆီကြည်အဆင်းကဲ့သို့ မည်းမည်းနက်နက် ကျက်မူ အဓိဋ္ဌာန်, ဝိကပ္ပနာပြုခြင်းသည် အလွန်ကောင်းမြတ်၏။ ငါးကြိမ်, နှစ်ကြိမ် ဖုတ်ပြီးနောက်လည်း တစ်ဖန် တင်ရဦးမည်။ အနည်းငယ် အဖြူ အနီကွက်သော်လည်း အဇ္ဈောဟာရိကသာ၊ သေချာကျမ်းဂန် မရှိ။

၁။ သပိတ် (၉) လုံး
(၁) ဥက္ကဋ္ဌသပိတ် (၂) ဥက္ကဋ္ဌောမကသပိတ်။ (၃) ဥက္ကမ္မကဋ္ဌသပိတ်။
(၄) မဇ္ဈိမသပိတ်။ (၅) မဇ္ဈိမောမကသပိတ်။ (၆) မဇ္ဈိမုက္ကဋ္ဌသပိတ်။
(၇) သြမကသပိတ်။ (၈) သြမကောမကသပိတ်။ (၉) သြမကုက္ကဋ္ဌသပိတ် - ဟူ၍ သပိတ် (၉) လုံး ရှိသည်။
(ပိ၊ ဋ္ဌ၊ ၂။ ၂၀၂။ ကင်္ခာ၊ ဋ္ဌ၊ ၁၇၀။ ဝိနယသင်္ဂဟ၊ ၃၇။ ပါတိမောက္ခပဒတ္ထ အနုဝဏ္ဏနာ၊ ၁၉၁။)

၂။ ခုဒ္ဒသိက္ခာ၊ ၁၄၁။ (ပတ္တဝဂ်-၆၀-ဂါထာ)

၃။ ဝိ၊ ဋ္ဌ၊ ၂။ ၂၀၃။ ဝိနယသင်္ဂဟ၊ ၃၇။ ခုဒ္ဒသိက္ခာဋီသစ်၊ ၂၀၇။

၄။ "ကေလဝဏ္ဏောပန ဝဋ္ဋတိ" ဟု (ဝိ၊ ဋ္ဌ၊ ၁။ ၂၅၂။ ဝိနယသင်္ဂဟ၊ ၆။) ဋ္ဌ ဆို၏။ စာသွားမတူတတ်။ သာရတ္ထဋီကာ၊ ၂။ ၄၂၀၊ ဋ္ဌလည်း အဂိဟာယိစကားကျ တူညီသော်လည်း သဒ္ဒါနေ မတူညီ။ ဝိနယာလင်္ကာရဋီကာ၊ ၁။ ၄၀။ ၁၀၄။ ပါတိမောက္ခပဒတ္ထ အနုဝဏ္ဏနာ၊ ၁၉၁။ ကင်္ခါယောဇနာ၊ မဟာဋီကာ ၃။ ၁၉၀။ ၁၉၁။ တို့ဋ္ဌလည်း ကြည့်ရှု ဆင်ခြင်ရာ၏။ ဝိမတိ၊ ၁။ ၁၆၇။ ဋ္ဌလည်း အဓိဟာယ် တူလာ၏။

အဓိဌာန်တင်လျှင် တစ်လုံးသာ အပ်သည်။ အကြွင်းကို ဝိကပ္ပနာပြု။ တင်ပုံ, ပြုပုံကား သင်္ကန်းနှင့် တူ၏။[၁] အဓိဌာန်ကျကြောင်း ကိုးပါးလည်း တိစီဝရိတ်နှင့် တူ၏။ အနားရေးမှ လက်နှစ်သစ်အောက် ဆပ်ထမင်းလုံး ဝင်လောက်သော အပေါက်[၂] သာ ထူးပြားတော့သည်။

သဝိတ်ပြီး၏။

၁။ အဓိဌာန်တင်ပုံ။ ။ ကွမ်း ပတ္တဲ့ အဓိဌာမိ။
အဝေးရှိသပိတ်၌ - "စတဲ့ ပတ္တဲ့" ဟု ဆို။
ဝိကပ္ပနာပြုပုံ ။ ။ ကွမ်း ပတ္တဲ့ တုယဲ့ ဝိကပ္ပေမိ။
အဝေးရှိသပိတ်၌ "စတဲ့ ပတ္တဲ့" ဟု ဆို။
ဝိကပ္ပနာပြန်ပုံ။ ။ မယဲ့ သန္တက် ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိ ဝါ ယထာ ပစ္စယဲ့ ဝါ ကရောဟိ။
ပစ္စုဒ္ဒိုရ်ပြုပုံ ။ ။ ကွမ်း ပတ္တဲ့ ပစ္စုဒ္ဒရာမိ။
အဝေးရှိသပိတ်၌ - "စတဲ့ ပတ္တဲ့" ဟုဆို။

၂။ (ဝိ၊ ၄၊ ၂။ ၂၀၄။ ၂၀၅။ ကခ်ီ၊ ၄။ ၁၇၉။) ဝိနယသင်္ဂဟ၊ ၃၉။

သဝိတ်နှင့်ဆိုင်ရာပြီး၏။

"ကပ္ပိယခွက် (၃) လုံး၊ အကပ္ပိယခွက် (၉) လုံး"

၃။ ထာလက

"ကပ္ပိယာ ထာလကာ တိဿော, တမ္မာယော မတ္တိကာမယာ[၁]" လာသည်နှင့်အညီ – သဲ, ကြေးနီ, မြေအားဖြင့် ဆွမ်းစားခွက်သုံးပါးသာ အပ် သည်။ ရဟန်းတို့ သုံးဆောင်နေကျ ထိုထာလကသုံးပါး၌ ထည့်၍ လူတို့အား မကျွေးအပ်။ ရှင်လောင်းတစ်ပါးကိုသာ ကျွေးကောင်းသည်။

ထို့ကြောင့် "ပဗ္ဗဇိတပရိဘောဂေါ ဟိ အဂါရိကာနံ စေတိယင္ဂဏနိယော၊ ပဏ္ဏုပလာသဿ ပန ထာလကေ ပက္ခိပိတွာ ပိ ဒါတုံ ဝဋ္ဋတိ" မိန့်သည်။ (အဋ္ဌကထာ)[၂] သပိတ်၌လည်း နည်းတူပင်။

ထို့ကြောင့်ဋီကာ၌ – "ပတ္တောပိ ဇတ္ထော သင်္ဃိတော"[၃] ဟု မိန့်သည်။

"ဒါရသောဝဏ္ဏရဇတ၊ မဏိ ဝေဠုရိယာမယာ။
အကပ္ပါ ဖလိကာ ကာစ၊ ကံသဇာ ဂိဟိသန္တကာ။
သဲယိကာ ကပ္ပိယာတုမ္မ၊ ယဒိဇာ တာဝကာလိကာ။"[၄]

ခုဒ္ဒသိက္ခာလာသည်နှင့်အညီ – ရွှေ, ငွေ, ပတ္တမြား, ကြောင်မျက်ရွဲ, ဖန်စသည် ဤခွက်ငါးလုံးသည် သုံးသပ်ရုံမျှ မအပ်။ သစ်သားခွက်ကား ထည့်၍ မစားအပ်။ ကြေးဖြူခွက်, စဉ့်ခွက်နှစ်လုံးကား သဲယာဉ်စွာ, လူတို့ဥစ္စာဖြစ်မူ စားအပ်၏။ "စဉ့်ခွက်" ဟူသည်ကား ချက်၍ ပြုအပ်သော ဖန်, မှန်ကို ဆိုသည်။ အိုးအုံ, ဗူးအုံနှစ်ခုမှာ တာဝကာလိကတစ်ကြိမ်စားမျှ အပ်သည်။ ပေါင်း အကပ္ပိယခွက် (၉) လုံး။[၅]

၁။ ခုဒ္ဒသိက္ခာ၊ ၁၄၂။ (ထာလကနိဒ္ဒေသ၊ ဂါထာ၊ ၇၁)

၂။ ဝိ၊ ဋ၊ ၂။ ၆၇။ ဝိနယသင်္ဂဟ၊ ၁၃။

၃။ သာရတ္ထ၊ ဋီ၊ ၂။ ၂၇၆။ (အဓိဗ္ဗာယ်တူသော်လည်း စာနေမတူ)
ဝိမတိ၊ ဋီ၊ ၁။ ၂၃၇၌ကား "ပတ္တောပိတ္ထ သင်္ဃတော" ဟု ရှိ၏။

၄။ ခုဒ္ဒသိက္ခာ၊ ၁၄၂ (ထာလကနိဒ္ဒေသ၊ ဂါထာ၊ ၇၁၊ ၇၂)

၅။ အကပ္ပိယခွက် (၉) လုံး –
(၁) ဒါရမယ = သစ်သားခွက်
(၂) သုဝဏ္ဏမယ = ရွှေခွက်
(၃) ရဇတမယ = ငွေခွက်
(၄) မဏိမယ = ပတ္တမြားခွက်
(၅) ဝေဠုရိယမယ = ကြောင်မျက်ရွဲခွက်
(၆) ဖလိမယ = ဖန်ခွက်
(၇) ကာစ = စဉ့်ခွက်
(၈) ကံသဇ = ကြေးဖြူ၊ ကြေးဝါခွက်
(၉) တမ္ဗကဥာဟ = ဗူးအုံ (ဗူးသီးခြောက်ခွံ)
ယဒိကဥာဟ = အိုးအုံ (မြေအိုး)

ထို့ကြောင့် ယခုကာလ ပုဂ္ဂလိကဇွန်း၊ ကွမ်းအစ်၊ ဖန်ခွက်တို့ဖြင့် ဟင်းလျာ, ဆေးကွမ်း, လက်ဖက် စသည်ကို စားသောက်ကြသည်ကား မအပ်ဟု ဆိုရန် ရှိသည်။ မည်သည့်ကာလိကကို စားသောက်ရ၏ဟု ကျမ်းဂန်မရှိသောကြောင့်လည်းကောင်း၊ "ပိဏ္ဍပါတန္တိ ယံကိဉ္စိ အာဟာရံ"[1] ဟု အဋ္ဌကထာလာသည်နှင့်အညီ နံနက်အခါ အနာရောဂါ မရှိဘဲ စားသောက်သမျှသည် ပိဏ္ဍပါတချည်း ဖြစ်သောကြောင့်လည်းကောင်း၊ ရာဇာရဟ သုဝဏ္ဏပါတိ[2] ကဲ့သို့ သမဏပရိက္ခရာ ပဗ္ဗဇိတာရဟ ကပ္ပိယခွက်သုံးခုကိုသာ[3] သင်္ဂါယနာတင် အရှင်တို့ ခွင့်ပြုသောကြောင့်လည်းကောင်းတည်းဟု မှတ်လေ။ ညဉ့်အခါ သုံးဆောင်သော ဆေးအဖျော်များပင် အပ်မှ အပ်ပါအံ့လားဟု စဉ်းစားဖွယ် ရှိသေးသည်။

"ပဏ္ဏာပုဒ္ဒောပိ ဧတ္ထေဝ သင်္ဂဟိတော"။[4] ဦးကာလာသောကြောင့် ဖက်ခွက်လည်း အိုးအုံ, ဗူးအုံကဲ့သို့ တာဝကာလိက တစ်ခဏမျှ အပ်သည်။ ယခုကာလ သူအချို့ကား ဖက်ခွက်၌တွယ်သော တဲအပ်, ဝါးခြမ်းကို နှုတ်၍ ဖြုတ်၍ စားကြကုန်၏။ ပရံပရအညာဏ[5] မျှသာ ဖြစ်သည်။ မနုတ်သော်လည်း အပြစ်မရှိ။

ထာလက ပြီး၏။

၁။ ဝိသုဒ္ဓိမဂ်၊ ၁။ ၃၀။

၂။ ရာဇာရဟသုဝဏ္ဏပါတိ = မင်းတို့သုံးဆောင်ထိုက်သောရွှေခွက်

၃။ သာမဏပရိက္ခရာ ပဗ္ဗဇိတာရဟ ကပ္ပိယခွက် = ရဟန်းပရိက္ခရာ, ရှင်ရဟန်းတို့ သုံးဆောင်ထိုက်သော အပ်စပ်သောခွက်။

ကပ္ပိယထာလက ခွက် ၃-မျိုး

(၁) တမွထာလက = ကြေးနီခွက်

(၂) အယောထာလက = သံခွက်

(၃) မတ္တိကာ ထာလက = မြေခွက်ဟု၍ ခွက်သုံးမျိုးတည်း။

၄။ ဝိမတိ၊ ဋီ၊ ၂။ ၂၃၁။ ဝိနယာလင်္ကာရ၊ ၂။ ၃၄၃ တို့၌ "ပဏ္ဏာပုဒ္ဒာဒိသုပိ ဧသေဝ နယော" ဟု ရှိ၏။

၅။ ဆရာစဉ်ဆက် မသိမူသာ။

ထာလက (ခွက်) ဆိုင်ရာ ပြီး၏။

၄။ အကပ်ခံ

အကပ်ခံရာ၌ –

“ရှေးရှုလည်းဆောင်, နှစ်တောင်ထွာရောက်, မြှောက်နိုင်ဝတ္ထု, သုံးခုပေးခြင်း,
ခံခြင်းနှစ်လှောက်၊ ကျမ်းလာထောက်၊ ကပ်မြောက်အင်္ဂါငါးပါးတည်း။”[၁]

ထိုတွင် – “သုံးခုပေးခြင်း” ဟူသည်ကား[၂] – ကာယ, ကာယပွတိ, ဗဒ္ဓ, နိဿဂ်ိယ တည်း။ “ခံခြင်းနှစ်လှောက်” ဟူသည်ကား[၃] – ကာယ, ကာယပွတိဗဒ္ဓတည်း။

“စွန်., ချ, ပေး, လု၊ မစ္ဆု, လိင်ပြန်၊ ဤခြောက်တန်၊
ကပ်ခံပျက်ကြောင်းတည်း။”[၄]

၁။ အကပ်ခံမြောက် အင်္ဂါ (၅) ပါး

(၁) ကပ်လိုသူက ဦးတည်ဆောင်ယူလာခြင်း။

(၂) ပေးသူက ယူသူ၏ နှစ်တောင်ထွာ ရောက်ခြင်း။

(၃) အားအလယ်အလတ်ရှိသူ မြောက်ချီနိုင်သောဝတ္ထုဖြစ်ခြင်း၊

(၄) ပေးသူက ကိုယ်ဖြင့်ဖြစ်စေ, ကိုယ်နှင့်စပ်သော ခွက် စသည်ဖြင့်ဖြစ်စေ, ပစ်လွှတ်၍ဖြစ်စေ ဤသုံးမျိုးတွင် တစ်မျိုးမျိုးဖြင့် ပေးခြင်း။

(၅) အကပ်ခံရဟန်းတော်က – ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့်စပ်သော ခွက်, တုတ် စသည်ဖြင့်ဖြစ်စေ ခံယူခြင်း, ထိခြင်း။

ဤငါးပါးပြည့်စုံလျှင် အကပ်မြောက်၏။

(ဝိ၊ ၂၊ ၁၂၁။ ဝိ၊ ၌၊ ၃။ ၁၀၉။ ကခ်ီ၊ ၌။ ၂၂၉။)

ခုဒ္ဒသိက္ခာ၊ ၁၄၈။ ဝိနယသင်္ဂဟ၊ ၁၁၂၊ ၁၁၃။

ကခ်ီယောဇနာ မဟာဋီကာ၊ ၄။ ၉၈။ ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၊ ၂၄၄၊ ၂၄၅။

ဝိနယဝိနိစ္ဆယ၊ ဋီ၊ ၁။ ၄၉၂။

၂။ သုံးခုပေးခြင်း –

(၁) ကာယ = လက်ဖြင့်ကပ်ခြင်း

(၂) ကာယပဋိဗဒ္ဓ = လက်ဖြင့်ကိုင်ထားသော ဇွန်။ ပန်းကန် စသည်ဖြင့် ကပ်ခြင်း။
(ကိုယ်နှင့်စပ်နေသောဝတ္ထုဖြင့်ပေးခြင်း)

(၃) နိဿဂ်ိယ = နှစ်တောင်ထွာ ဟတ္ထပါသ်အတွင်း၌ လှမ်းပစ်ပေးခြင်း။

၃။ ခံခြင်းနှစ်

(၁) ကာယ = ကိုယ်ဖြင့်ခံယူခြင်း။

(၂) ကာယပဋိဗဒ္ဓ = ကိုယ်နှင့်စပ်နေသော သပိတ်, ခွက် စသည်ဖြင့် ခံယူခြင်း။

၄။ အကပ်ခံပျက်ကြောင်း (၆) ပါး

(၁) စွန်. = ငဲ့ကွက်မှုမရှိဘဲ မစားတော့ဟု စွန့်လိုက်ခြင်း။

(၂) ချ = သိက္ခာချခြင်း (လူထွက်ခြင်း)။

(၃) ပေး = သူတစ်ပါးအား (အာလယပြတ်) ပေးခြင်း။

(၄) လု = အတင်းလုယူသွားခြင်း။

(၅) မစ္ဆု = သေခြင်း။

(၆) လိင်ပြန် = ရဟန်းဘဝမှ ဘိက္ခုနီဖြစ်ခြင်း။ ဘိက္ခုနီဘဝမှ ရဟန်းဖြစ်ခြင်း။
(ကထိန်လိင် / ပုလိင်ပြောင်းခြင်း)

(ဝိ၊ ၌၊ ၁။ ၂၄၀။ ခုဒ္ဒသိက္ခာ၊ ၁၄၈။ ပါတိမောက္ခပဒတ္ထ အနုဝဏ္ဏနာ၊ ၂၄၅။ ဝိနယဝိနိစ္ဆယ၊ ၁၄၀။)

အကပ်ခံဆိုင်ရာ ပြီး၏။

ထိုတွင် စွန့်ရာဌ် မိမိပုဂ္ဂလိကဥစ္စာကို မစား‌တော့အံ့ဟု အာလယပြတ်မှ လက်ကလွတ်မှ အကပ်ပျက်သည်။

ထို့ကြောင့် အကပ်ခံပြီး၍ "ရော့ - ငါ့နေရာတွင် ထား‌လိုက်ဘိ" ဟု စေ၍ သာမဏေထား‌သည်ကိုပင် စား‌ကောင်း‌သေး၏ဟု မှတ်။

ဒွိသန္တက, တိသန္တက, ဂဏိက, သံဃိက ဥစ္စာဖြစ်မှု တစ်ယောက်တလေ စွန့်သော်လည်း အကပ်မပျက်။

"ချ" ဟူရာဌ်လည်း ဒွိသန္တက စသည်မှာ တစ်ယောက်တလေ သိက္ခာချ သော်လည်း မပျက်လေရာ။ ဣတ္ထိလိင်ပြန်ရာဌ်လည်း နည်း‌တူ။ ပေး‌ရာဌ်လည်း စွန့်သည်နှင့် နည်း‌တူ။ "လု" ဟူရာဌ် ခိုး‌သူလုယက်ခြင်း, လူသာမဏေတို့ အကျွမ်း‌ဝင်၍ ယူခြင်း‌ကိုမှတ်။

အကပ်ခံပြီး၏။

၅။ ပဝါရိတ်

ပဝါရိတ်အရာ၌ –

"အသနံ ဘောဇနဉ္စေဝ၊ အဘိဟာရော သမိပတာ။
ကာယဝါစာ ပဋိဂ္ဂဟေပေါ၊ ပဉ္စင်္ဂံဝံ ပဝါရဏာ။"[၁]

လာသည်နှင့်အညီ –

"စား:ဆဲ, ဘောဇဉ်၊ ဆောင်ငင်, နိ:ကပ်၊ ပယ်မြစ်ထပ်၊
ငါ:ရပ်ပဝါရိတ် သင့်ကြောင်:တည်:။"[၂]

ထိုတွင် ဘောဇဉ်ဟူသည်ကား –

"သြဒနော သတ္တုကုမ္မာသော၊ မစ္ဆော မံသဉ္စ ဘောဇနံ။"[၃]

ဟူသည်နှင့်အညီ –

"ထမင်:, ငါ:, သား၊ မုန့်.နှစ်ပါ:၊ ငါ:ပါ:ဘောဇဉ်တည်:။"[၄]

စား:သောဘောဇဉ်ကား ကပ္ပိယ, အကပ္ပိယ နှစ်ပါ:ပင်။ ရှေ:ရှုဆောင်သော ဘောဇဉ်ကား ကပ္ပိယတစ်ပါ:သာ၊ မအပ်လျှင် ပယ်ကောင်:၏။

ထိုဘောဇဉ် (၅) ပါ:တွင် –

"သာလိ, ဝိဟိ, ယဝေါ, ကဂ်ုံ၊ ကုဒြူ။ သ, ဝရ, ဂေါဓူမာ။
သတ္တာနံ မေသံ စညာနံ၊ သြဒနော ဘောဇ္ဈယာဂုစ။"[၅]

၁။ ခုဒ္ဒသိက္ခာ၊ ၁၄၃။ (ပဝါရဏာနိဒ္ဒေသ၊ ၇၄ - ဂါထာ)

၂။ ပဝါရိတ်သင့်ကြောင်း (၅) ပါး။

(၁) အသန = စားနေဆဲဖြစ်ခြင်း၊ (စား:ဆဲ)

(၂) ဘောဇန = ထမင်း စသော ဘောဇဉ်ငါ:ပါ:တွင် တစ်ပါ:ပါ:ဖြစ်ခြင်း၊ (ဘောဇဉ်)

(၃) အဘိဟာရ = ဆောင်ယူခိုက်ဖြစ်ခြင်း၊ (ဆောင်ငင်)

(၄) သမိမ = ပေးသူက နှစ်တောင်ထွာ ဟတ္ထပါသိအတွင်း၊ဝင်ရောက်ခြင်း၊ (နိ:ကပ်လာခြင်း၊) (နိ:ကပ်)

(၅) ကာယဝါစာပဋိဂ္ဂေပ = ကိုယ်နှုတ်ဖြင့် ပယ်မြစ်ခြင်း၊ – (ပယ်မြစ်ထပ်) ဟူ၍ အင်္ဂါ (၅) ပါး တည်း။

(ဝိ၊ ၂၊ ၁၁၁။ ဝိ၊ ၎၊ ၃။ ဂဂ၊ ကခ်ီ၎၊ ၂၁၉။ ခုဒ္ဒသိက္ခာ၊ ၁၄၃။ ဝိနယသင်္ဂဟ၊ ၁၂၄။ ဝိနယဝိနိစ္ဆယ၊ ၁၁၆။)

၃။ ခုဒ္ဒသိက္ခာ၊ ၁၄၃ (ပဝါရဏာနိဒ္ဒေသ၊ ၇၅ ဂါထာ)

၄။ ဘောဇဉ် (၅) ပါး

(၁) သြဒန = ထမင်း (၂) သတ္တု = ဆန်မုံ့.ညက်, မုံ့.လုံး

(၃) ကုမ္မာသ = မုယောမုံ့. (၄) မစ္ဆ = ငါး

(၅) မံသ = အမဲသား စသည် ဟူ၍ ဘောဇဉ် (၅) မျိုး။

(ဝိ၊ ၂။ ၁၁၁၊ ဝိ၊ ၎၊ ၃။ ဂ၉။ ကခ်ီ၊ ၎၊ ၂၂၀။ ခုဒ္ဒသိက္ခာ၊ ၁၄၃)

၅။ စပါ:မျိုး (၇) ပါး

(၁) သာလိ = သလေး, ကောက်ကြီး။ (၂) ဝိဟိ = ကောက်လတ်စပါး

(၃) ယဝ = မုယော (ဂျုံဖြူ။ - ဗာလီ) (၄) ကဂ်ုံ = ဆပ်

ဟူသည်နှင့်အညီ – သလေး, ကောက်ကြီး, မုယော, ဆပ်, လူး, ပြောင်း, နတ်ကောက်၊ ဤစပါးမျိုး (၇) ပါးမှဖြစ်သော ဆန်ကို ချက်အပ်သော ထမင်း, လက်တော်ရသော ယာဂုသည် ဩဒန မည်၏၊ ၎င်းစပါးမျိုး (၇) ပါးကို ကျက်စွာ လှော်၍ ပြုအပ်သော အနုဆုပ်, ပေါက်ပေါက်ဆုပ်, ကရေကရာ, အမှုန့်အခဲ၊ အလုံးအပြားဟူသော မုန့်လုံးသည် သတ္တု မည်၏။ ဂျုံမည်သော ကုလားစပါးကို လုပ်သော ပေါင်မုန့်၊ ကုလားမုန့်သည် ကုမ္မာသမည်၏၊ မုယောမုန့်မည်၏။ ယခုကာလပြုကြသော မုန့်ဖြူကြော်, မုန့်နီကြော်, မုန့်ဖက်ထုပ်, ချည်ပါမုန့်, မရွေးပေါက်ပေါက်တို့ကား ပဝါရိတ်မလောက်ကုန်။ ပြောင်းဖူးကား စပါးမျိုး (၇) ပါး၌ပင် မဝင်။

ရေ၌ဖြစ်သော မိကျောင်း, လပိုင် စသော ငါးကို မစ္ဆ ခေါ်သတည်း၊ ထိုမှကြွင်းသော ကုန်းသတ္တဝါဟူသမျှကို မံသ ခေါ်သတည်း။

"လူ, မြွေ, မြင်း, ဆင်၊ ခွေး, ခြင်, သစ်, ကျား၊ ဝံ, အောင်း, အား၊ အသား မအပ် ဆယ်ထွေတည်း။[၁]

မဆင်ခြင်မှတ်၊ ရည်၍သတ်၊ ရောလတ် တစ်ဆယ့်နှစ်ပါးတည်း။"[၂]

"ကုလဒူသေ, အနေသန,နာမသ၊ ဖြစ်က စင်စစ် မအပ်တည်း။"[၃]

---

(၅) ကုဒြူသ = လူး။ (၆) ဝရက = ပြောင်း။ (၇) ဂေါဓုမ = နတ်ကောက် (ဂျုံ) ဟူ၍ စပါးမျိုး (၇) ပါး (ဝိ၊ ၄၊ ၃။ ဂ၉။ ကခီ၊ ၄၊ ၂၂၀။ ဝိနယဝိနိစ္ဆယ၊ ၁၁၆။ ပါစိတျာဒိယော ဇနာ၊ ၇၀။ ခုဒ္ဒသိက္ခာ၊ ၁၄၃။ အဘယာရာမဆရာတော်။ အဘိဓာန်နိဿယသ၊ ၁၇၀၊ ၁၇၁။)

၁။ မစားကောင်းသော အသားကြီး (၁၀) မျိုး (၁၂) မျိုး။

(၁) မနုဿမံသ = လူသား။
(၂) အဟိမံသ = မြွေသား။
(၃) အဿမံသ = မြင်းသား။
(၄) ဟတ္ထိမံသ = ဆင်သား။
(၅) သုနခမံသ = ခွေးသား။
(၆) သီဟမံသ = ခြသေ့်သား။
(၇) ဒီပိမံသ = ကျားသစ်သား။
(၈) ဗျဂ္ဃမံသ = ကျားသား။
(၉) အစ္ဆမံသ = ဝံသား။
(၁၀) တိရစ္ဆမံသ = အောင်းသား ဟူ၍ အသားကြီးဆယ်မျိုး။

၂။ (၁၁) သီတင်းသုံးဖော် (၅) ဦးတွင် တစ်ဦးဦး (အတွက်) ရည်းစူး၍ သတ်အပ်သော အသား။ (၁၂) မစူးစမ်း မဆင်ခြင်ဘဲ မမေးဘဲ စားသော အသား၊ ဤနှစ်မျိုးနှင့်ပေါင်းလိုက်လျှင် ရဟန်းသာမဏေများ မစားအပ်သော အသား (၁၂) ပါး ဖြစ်၏။ (ဝိ၊ ၃၊ ၃၁၂။ ၃၁၃။ ၁၃၄။ ဝိ၊ ၄၊ ၃။ ၃၇၆။ ဝိနယသင်္ဂဟ၊ ၂၅။ ခုဒ္ဒသိက္ခာ၊ ၁၄၉။ ဝိနယာလင်္ကာရ၊ ၁၊ ၇၈။)

၃။ ကုလဒူသန, အနေသန, အနာမာသ (၃) ပါးတွင် တစ်ပါးပါးဖြစ်ခဲ့သော် ထိုပစ္စည်းများသည် ရဟန်း, သာမဏေတို့အတွက် မအပ်စပ်သော (အကပ္ပိယ) ပစ္စည်းချည်းသာတည်း။ ထို့ကြောင့် ဆရာတော်ဘုရားကြီးက "ကုလဒူသေ, အနေသန, နာမာသ, ဖြစ်က စင်စစ်မအပ်တည်း။" ဟု စပ်ဆိုတော်မူ၏။

ဤ၌ – "ပွင့်, သီး, မှုန့်, မြေ၊ ဝါး, ပူ, ခြေ၊ ဝေဇ္ဇေဒူရှစ်ဖြာ"[၁]
ဟူသော ကုလဒူသန (၈) ပါး။
ခုဒ္ဒကပါဌ အဌကထာ စသည်တို့၌လာသော
"ဝေဋ္ဌုံ ပုပ္ပံ ဖလံ ပတ္တံ၊ ဒန္တကဋ္ဌံ မုခေါဒကံ။
သိနှာနံ မတ္တိကံ စုဏ္ဏံ၊ အထောပိ စဋ္ဌုကချတိ။
မုဂ္ဂသူပျံ ပါရိဘမဋ္ဌုံ၊ ဇယ်ပေသနိကံ တထာ။
ဝေဇ္ဇံ ဒူတံ ပဟိဏာဋ္ဌ၊ ပတိပိဏ္ဍိဋ္ဌ ဝတ္ထုကံ။
ခေတ္တ နက္ခတ္တဝိဇ္ဇာစ၊ အင်္ဂဝိဇ္ဇန္တိ ဇီဝိတံ။
ကပေဋ္ဌိ ဧတံ နိဿာယ၊ ဧကဝိသတိ နေသနံ။"[၂]
ဟူသော အနေသန (၂၁) ပါး တို့ကို မှတ်။[၃]

ဤယခုဆိုခဲ့ပြီးသော အင်္ဂါငါးပါးနှင့် ပြည့်စုံ၍ ပဝါရိတ်သင့်သော ရဟန်းသည်၊ အကြင်ဣရိယာပုတ်၌ သင့်၏။ ထိုဣရိယာပုတ် မပျက်သေးမူ အခြားက နောက်

၁။ ကုလဒူသန (၈) ပါး
(၁) ပုပ္ပဒါန = ပန်းပွင့်ပေးခြင်း။
(၂) ဖလဒါန = သစ်သီးပေးခြင်း။
(၃) စုဏ္ဏဒါန = ပေါင်ဒါမှုန့်စသော လိမ်းစရာပေးခြင်း။
(၄) မတ္တိကဒါန = ကွေ့နီ စသော မြေညက်ပေးခြင်း။
(၅) ဝေဋ္ဌုဒါန = ဝါးပေးခြင်း။
(၆) ဒန္တကဋ္ဌဒါန = ဒန်ပူ စသော သွားတိုက်စရာ ပေးခြင်း။
(၇) ဇယ်ပေသနိက = လူတို့ အခိုင်းအစေကို ခံခြင်း။ (= လူတို့ ခိုင်းစေချက်အရ ခြေဖြင့် သွားခြင်း)
(၈) ဝေဇ္ဇိကာ = ဆေးကုခြင်း, ဆေးပေးခြင်း ဟူ၍ ကုလဒူသန (၈) ပါးတည်း။
ထိုကိုရည်၍ –
"ပွင့်, သီး, မှုန့်, မြေ, ဝါး, ပူ, ခြေ၊ ဝေဇ္ဇေဒူရှစ်ဖြာ။" ဟု ဆိုတော်မူ၏။
(ဝိ၊ ၁။ ၂၈၁။ ဝိ၊ ၄၊ ၂။ ၂၀၉။ ကခါ၊ ၄။ ၁၄၃။ ခုဒ္ဒသိက္ခာ၊ ၁၇၈။ ကခါ၊ ဋီ၊ သစ်၊ ၂၅၅။ အဘိ၊ ၂။ ၂၅၅။ ဝိသုဒ္ဓိမဂ်၊ ၁။ ၁၇။ စူဋနိဒ္ဒေသ၊ ပါ၊ ၂၅၈။ မဟာနိဒ္ဒေသ၊ ပါ၊ ၂၉၀။
၂။ ခုဒ္ဒကပါဌ၊ ၄။ ၂၀၂။ သုတ္တနိ၊ ၄၊ ၁။ မိလိန္ဒပဉ္ဍာ၊ ၃၅၂။
မူလဋီကာ၊ ၁။ ၉၇ တို့၌လာသော စုဏ္ဏိယ စကား (ဝါကျ) များကို ဂါထာစီကုံးထား၏။
ရွှေကျင်ဂိုဏ်း ကျင့်ထုံးကြီးကျမ်း စာမျက်နာ–၆၊ ၌လည်းရှု။
၃။ အနေသန (၂၁) ပါး
(၁) ဝေဋ္ဌုဒါန = ဝါးပေးခြင်း (၂) ပုပ္ပဒါန = ပန်းပေးခြင်း
(၃) ဖလဒါန = သစ်သီးပေးခြင်း။ (၄) ပတ္တဒါန = သစ်ရွက်ပေးခြင်း။
(၅) ဒန္တကဋ္ဌဒါန = ဒန်ပူပေးခြင်း။ (၆) မုခေါဒကဒါန = မျက်နာသစ်ရေ ပေးခြင်း။
(၇) သိနာနဒါန = ရေချိုးဆပ်ပြာပေးခြင်း။
(၈) မတ္တိကာဒါန = မြေညက်ပေးခြင်း။
(၉) စုဏ္ဏဒါန = ပေါင်ဒါမှုန့်ပေးခြင်း။
(၁၀) စာဋုကမျတာ = မိမိကိုယ်ကို နိမ့်ချ၍ လူတို့နှင့် ပြောခြင်း။
(၁၁) မုဂ္ဂသူပျ = အမုန်နည်းပါး, အမှားများသော စကားကို ပြောခြင်း။

ရသော အစာကိုပင် စားကောင်းသေး၏။ ခလုပစ္ဆာရှုတင် မူဒုရ၏။ မဇ္ဈံပုဂ္ဂိုလ်မှာကား ဆွမ်းပွဲတွင် ရှိသ၍ကိုသာ စားရသည်။ ဥက္ကဋ္ဌပုဂ္ဂိုလ်ကား မြစ်ဆဲအခါ ခံတွင်း၌ရှိသော ဆွမ်းလုတ်ကိုသာ မျိုရတော့သည်။ ထိုဣရိယာပုတ်ပျက်မှ စားလျှင် ရှုတင်လည်းမရ။ ပါစိတ်အာပတ်လည်း သင့်၏။

ယာမကာလိက, သက္တာဟ ကာလိက, ယာဝဇိဝက သုံးပါး၌ကား ဒုက္ကဋ်။ ဂေလည, ပိပါသ အကြောင်းရှိမူကား ယင်းကာလိ သုံးပါးအပ်၏။

ရှုတင်မဆောင်သော ပုဂ္ဂိုလ်ကား စားလိုလျှင် စားချင်သမျှကို ခွက်တစ်ခုတည်း၌သော်လည်းကောင်း, ခွက်အများ၌သော်လည်းကောင်း ထည့်၍ ဆွမ်းစားဆဲ, စားပြီး ရဟန်းထံ ဟတ္ထပါသ်တွင်.ချဉ်း၍ ချီကြွစောင်းငဲ့လျက် –

"အတိရိတ္တံ ကရောထ ဘန္တေ။"[၁]

---

(၁၂) ပါရိဘဋ္ဌ = ကလေးထိန်းခြင်း, ကလေးချော့ခြင်း။
(၁၃) ဇယ်ပေသနိက = လူတို့၏ စေတမန်ပြုလုပ်ခြင်း။ (ခရီးတိုသွားခြင်း)
(၁၄) ဝေဇ္ဇကမ္မ = လူတို့ကို ဆေးကုပေးခြင်း။
(၁၅) ဒူတကမ္မ = တစ်အိမ်မှတစ်အိမ်, တစ်ရွာမှတစ်ရွာသို့ လူတို့၏ သတင်းစကားကို ပို့ပေးခြင်း။ (ခရီးရှည်သွားခြင်း)
(၁၆) ပဟိဏ = လူတို့စေခိုင်းသည်ကို လုပ်ကိုင်ပေးခြင်း။ (လယ်ယာ စသည်သို့ သွားပေးခြင်း)
(၁၇) ပတိပိဏ္ဍ = လူတို့အား ဆွမ်း, ထမင်း တုံ့ပြန်ပေးခြင်း။
(၁၈) ဝတ္ထုဝိဇ္ဇာ = မြေနေရာကောင်း, မကောင်းကို ရွေးချယ်ပေးခြင်း။
(၁၉) ခေတ္တဝိဇ္ဇာ = လယ်ယာအတတ်, ရာဇသတ်ကျမ်း အစရှိသော နီတိအတတ်ကို သင်ပေးခြင်း။
(၂၀) နက္ခတ္တဝိဇ္ဇာ = နက္ခတ်ကို ရွေးချယ်ပေးခြင်း။
(၂၁) အင်္ဂဝိဇ္ဇာ = အင်္ဂဝိဇ္ဇာအတတ်ဖြင့် ဟောပြောပေးခြင်း။ (ဗေဒင်ဟောခြင်း, ဓာတ်ရိုက်ခြင်း၊ ယတြာချေပေးခြင်း)

ဤသို့အားဖြင့် ရဟန်းသာမဏေတို့ မတရားစီးပွားရှာနည်း (အသက်မွေးနည်း) (၂၁) ပါး တည်း ဟုမှတ်။ ဤနည်းဖြင့် စီးပွားရှာ အသက်မွေးလျှင် ရဟန်းတို့၌ အနေသန ဒုက္ကဋ် အာပတ် သင့်၏။ (ခုဒ္ဒက ပါဌ၊ ၌၊ ၂၀၂။ သုတ္တနိ၊ ၌၊ ၁။ မိလိန္ဒပဉ္ဍာ၊ ၃၅၂။ မ၊ ၌။ ၃။ ၄။ မူလဋီ၊ ၁။ ၉၇။)

မှတ်ချက် ။ ။ ဤအနေသန (၂၁) တို့သည် တစ်ကျမ်းနှင့်တစ်ကျမ်း တူညီမှု မရှိကြပါ။ ညောင်လေးပင်တောရဆရာတော်ဘုရားကြီး ပြုစုတော်မူသော ရှင်ကျင့်ဝတ် စာအုပ် စာမျက်နာ ၆၁၊ ၌လာသော အနေသ (၂၁) ပါး ဆောင်ပုဒ်

* ပွင့်, သီး, မှုန့်, မြေ၊ ဝါး, ပူ, ခြေ၊ ဝေဇ္ဇေ ဒူရှစ်ဖြာ။
* မျက်သစ်ရေထက်၊ ဆွမ်းတုံစွက်၊ သစ်ရွက်၊ ချိုးမှုန့်ပါ။
* ကလေးချီသယ်၊ ပဲဟင်းနယ်၊ ချစ်ဘွယ်နှုတ်ဝါစာ။
* ခိုင်းစေရာခံ၊ စေတမန်၊ မြေကြန်အတတ်ပါ။
* ခေတ္တ, အင်္ဂ၊ နက္ခတ္တ၊ သုံးဝ ထိုဝိဇ္ဇာ။
* ပေါင်းက ဒူရှစ်၊ နှစ်ဆယ့်တစ်၊ စင်စစ် နေသနာ။

၁။ ဝဇိရဗုဒ္ဓိ၊ ဋီ၊ ၃၁၉။ ကခါ၊ ဋီ၊ သစ်၊ ၃၈၇။
ခုဒ္ဒသိက္ခာ၊ နိဿယ၊ ပဝါရဏာနိဒ္ဒေသ၊ ၂၆၂ (ဆရာတော်ဗုမ်မူ) (အတိရိတ်ဝိနည်းကံပြုပုံ)

ဘန္တေ – အရှင်ဘုရား။ အတိရိတ္တံ – အပိုအလွန်ကို။ ဝါ – စား‌ကြွင်း‌ကို။ ကရောထ – ပြုတော်မူပါကုန်လော့။ ဤသို့ ဆိုရသည်။

ဝိနည်း‌ဓိရ်‌ရဟန်း‌က ထို‌နေ့ဘောဇဉ်‌ကို မုန်‌ညင်း‌စေ့ခန်‌့မျှ မစား‌ဘူး‌သေး‌လျှင် စား‌ချင်‌သရွေ့ ယူစား‌ပြီး‌မှ ထို‌ဆွမ်း‌ခွက်‌ကို မိမိလက်‌သို့ မယူဘဲ၊ ထို‌အတိရိတ်‌ဝိနည်း‌က် ပြုလာသော ရဟန်း‌လက်‌၌ ချီ‌ကြွစောင်း‌ငဲ့ဆဲတွင် –

“အလံ မေတံ သဗ္ဗံ”[၁]

ဇတ သဗ္ဗံ – ဤအလုံး‌စုံ‌ကို၊ အလံ – ငါတန်‌ပြီ။ ဝါ – ဇတံသဗ္ဗံ – ဤအလုံး‌စုံသည်။ အလံ – သင်စား‌ထို‌က်‌ပြီ၊ စား‌လေတော့၊ ဤသို့. အတိရိတ်‌ဝိနည်း‌က်‌ပြု။

ဤအတိရိတ်‌ပြုပြီး‌သော ဘောဇဉ်‌ကို ဝိနည်း‌ဓိရ်‌မှတစ်‌ပါး အမျာ‌းစား‌ကောင်း‌၏။ သူနာ – ကြွင်း‌ကား ဝိနည်း‌က် မပြုဘဲပင်အပ်‌၏။

“သင့်သော်‌မထ၊ မစား‌ကစား‌၊ ကပ်‌ငြား‌, ကပ်‌ဖို၊ မြောက်‌ချိန်‌း‌ကပ်၊ အလံထပ်၊ သတ္တအတိရိတ် အင်္ဂါတည်‌း။”[၂] ကပ်‌ဖိယဝိနည်း‌က် အင်္ဂါ (၇) ပါ‌း‌တည်‌း။

၁။ ဝိ၊ ၂၊ ၁၁၀၊ ၁၁၁။ ဝိ၊ ၄၊ ၃။ ၉၅။ ကခ်ီ၊ ၄။ ၂၂၂။ ခုဒ္ဒသိက္ခာ၊ ၁၄၄။ ဝိနယသင်္ဂဟ၊ ၁၃၁။ ဝဇီရ၊ ၃၁၇။

၂။ အတိရိတ်‌ဝိနည်း‌က် အော်‌မြင်‌ရန် (ကပ်‌ဖိယဝိနည်း‌က်) ၇ – ပါ‌း

(၁) ဝိနည်း‌ဓိရ်‌ကိုယ်‌တိုင် ပဝါရိတ်‌သင့်‌လျှင် နေ့ရာမှ မထသေး‌ခြင်‌း။

(၂) ဝိနည်း‌ဓိရ်‌သည် အကယ်၍ တစ်‌ခုခု မစား‌ရသေး‌လျှင် စား‌ထား‌ရခြင်‌း။

(၃) အကပ်‌ခံ‌ပြီး‌ ဖြစ်‌ခြင်‌း။

(၄) အပ်‌စပ်‌သော ကပ်‌ဖိယပစ္စည်း‌ဖြစ်‌ခြင်‌း (ကပ်‌ပြီး‌ ပစ္စည်း‌ဖြစ်‌ခြင်‌း)

(၅) စား‌ခွက်‌ကို မြောက်‌ချီ‌ထား‌ရခြင်‌း။

(၆) ဝိနည်း‌ဓိရ်‌၏ ဟတ္ထပါသ်‌အတွင်‌း (အနီး‌ကပ်) မှာ ရှိ‌ရခြင်‌း။

(၇) ဝိနည်း‌ဓိရ်‌က “အလံ မေတံ သဗ္ဗံ” ဟု ဆို‌ရခြင်‌း‌ဟူ၍ အတိရိတ်‌ဝိနည်း‌က်‌အင်္ဂါ (၇) ပါ‌း တည်‌း။

ကပ်‌ဖိယဝိနည်း‌က် အင်္ဂါ (၇) ပါ‌း‌ဟုလည်‌း ခေါ်‌၏။

နှက်‌ချက် ။ ။ ကပ်‌ဖိယ ဝိနည်း‌က် အင်္ဂါခုနစ်‌ပါ‌း‌ဟူသည် ဆို‌ခဲ့‌ပြီ‌း။ အတိရိတ်၊ ဝိနည်း‌က် အင်္ဂါ (၇) ပါ‌း‌ကိုပင် ဆို‌လို‌၏။ အတူတူပင်တည်‌း။ ထို‌ကို ရည်‌ရွယ်‌၍ ပါစိတ္တျာဒိ အဋ္ဌကထာ၊ ပထမ ပဝါရဏာသိက္ခာပုဒ် အဖွင့် စာမျက်‌နှာ (၉၅) ၌ –

“ကပ်‌ဖိယကတာဒိဟိ သတ္တာဟိ ဝိနယကမ္မာ ကာရေဟိ အကတံ” ဟု၍ ဖွင့်‌ပြ တော်‌မူအပ်‌ပြီ‌။

ကခ်ီအဋ္ဌကထာ၊ ၂၂၂။ ဝိနယသင်္ဂဟ အဋ္ဌကထာ၊ ၁၃၀ – တို့.၌လည်‌း၊ ထို့.အတူပင် ဖွင့်‌ပြအပ်‌ပြီ‌၏။

အကပ္ပိယဝိနည်းကံ အင်္ဂါ (၇) ပါး[1]ကိုကား[2] ဤမှ ပြန်၍ ယူ။ ခွက်တစ်ခုခု၌သာ ပြုအပ်သည်။ ခွက်အများ၌ မအပ်ဟု အချို့. မှတ်ကြ၏။ ပတ္တပိဏ်ရုတင်ကို နည်းဆောင်၍ ယောင်ဟန် ရှိချေသည်။ ကျမ်းဂန် မရှိ။ ဘောဇဉ်မဟုတ်သော ဆေး, ကွမ်း စသည်ကို ဝိနည်းကံ မပြုအပ်ဟူ၍လည်း အချို့. ဆိုကြ၏။ ပဝါရိတ်အရာ၌ ဘောဇဉ်ကို အတွေ့. အမြင်များ၍သာ ယုံမှားဟန် ရှိချေသည်။ ကျမ်းဂန်၌ ဖြစ်သော စကားမဟုတ်။

ပဝါရိတ် ပြီး၏။

၁။ အကပ္ပိယဝိနည်းကံ အင်္ဂါ (၇) ပါးကား –
အတိရိတ် ဝိနည်းကံအင်္ဂါ (၇) ပါး၏ ပြောင်းပြန်ဆန့်.ကျင်ဘက် အင်္ဂါ (၇) ပါးတည်း။
အနတိရိတ္တအင်္ဂါ (၇) ပါးပင် ဖြစ်၏။
ပါစိတ်ပါဠိတော်စာမျက်နှာ (၁၁၁) ၌ –
"အနတိရိတ္တံ နာမ အကပ္ပိယကတံ ဟောတိ" စသည်ဖြင့် ဟောတော်မူအပ်ပြီ။

ပဝါရိတ်ဆိုင်ရာပြီး၏။

၆။ ဥပုသ်

စာတုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂီ - နေ့အားဖြင့် (၃) ပါး။
သံဃ, ဂဏ, ပုဂ္ဂလ - ကာရကအားဖြင့် (၃) ပါး။
သုတ္တန္တေသ, ပါရိသုဒ္ဓိ, အဓိဋ္ဌာန် - ကတ္တာဇ္ဈာကာရအားဖြင့် (၃) ပါး။

ဤဥပုသ် (၉) ပါး[၁] တို့တွင် တစ်သိမ်တည်း၌ ရဟန်းလေးပါးရှိမှ သံဃာ့ဥပုသ်, သုတ္တန္တေသ အကျယ်ပြု။

"မိး, ရေ, မင်း, လူ၊ ခိုးသူ, ဘီလူး, သားရဲ, မြွေ, သင်္ဂြိ၊ ကျင့်မြဲတ်ဖျက်၊ ဆယ်ချက် အန္တရာယ်။"[၂]

ဤအန္တရာယ် (၁၀) ပါး တို့တွင် တစ်ပါးပါးရှိလျှင် သုတသဒ္ဒါဖြင့် သိမ်း၍ အကျဉ်းပြကောင်း၏။

တစ်သိမ်တည်း၌ သုံးပါးရှိမှ "သုဏန္တု မေ အာယသ္မန္တာ အဇ္ဇုပေါသထော ပန္နရသော ယဒါယသ္မန္တာနံ ပတ္တကလ္လံ မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမ"[၃] ဟု ဥတ်ထား၍ "ပရိသုဒ္ဓေါ အဟံ အာဝုသော၊ ပရိသုဒ္ဓေါတိ မံ ကရေထ"[၄] ဟု ဂဏ ဥပုသ်, ပါရိသုဒ္ဓိပြု။

နှစ်ပါးရှိမှ ဥတ်မထားရသည်သာ ထူးသည်။

တစ်ပါးတည်းသာရှိမှ "အဇ္ဇ မေ ဥပေါသထော ပန္နရသော"[၅] ဟု ဆို၍ ပုဂ္ဂလ ဥပုသ်အဓိဋ္ဌာန်ပြု။ ပုဗ္ဗကိစ္စကိုကား ထိုက်သည်အားလျော်စွာ ပြုရသည်ချည်းမှတ်။

ဘိက္ခုနောဝါဒက အင်္ဂါကား -

"သီလ, သုတ၊ ဒွေးကိုရ၍၊ ကောင်းလှစကား၊
အမျှားချစ်ခင်၊ သွန်သင်တတ်စွမ်း၊ မယ်ရဟန်းနှင့်၊

၁။ ကခ်ီ၊ ၄။ ဂ၆။ ၉၃။ ဝိနယသင်္ဂဟ၊ ၁၉၉။ ၂၀၀။
ဝိနယဝိနိစ္ဆယ၊ ၂၄၇။ ခုဒ္ဒသိက္ခာ၊ ဋီ၊ သစ်၊ ၄၁ဂ။
၂။ အန္တရာယ် (၁၀) ပါး
(၁) မီး - မီးဘေးအန္တရာယ်
(၂) ရေ - ရေဘေးအန္တရာယ်။
(၃) မင်း - မင်းအန္တရာယ်။
(၄) လူ - လူမျှားစွာလာသောအန္တရာယ်။
(၅) ခိုးသူ - ခိုးသား, ဓားပြအန္တရာယ်။
(၆) ဘီလူး - ဘီလူးအန္တရာယ်။
(၇) သားရဲ - ကျား စသော သားရဲသားကောင်အန္တရာယ်။
(၈) မြွေ - မြွေအန္တရာယ်။
(၉) သင်္ဂြိ - အသက်သတ်မည့်အန္တရာယ်။
(၁၀) ကျင့်မြဲတ်ဖျက် - အကျင့်ဖျက်မည့်အန္တရာယ် ဟူ၍ (၁၀) ပါးတည်း။
(ဝိ၊ ၃။ ၁၅၂။ ဝိနယသင်္ဂဟ၊ ၂၀၆။)
၃။ ဝိ၊ ၃။ ၁၆၇။ ကခ်ီ၊ ၄။ ၉၄။ ခုဒ္ဒသိက္ခာ၊ ၂၀၂။
၄။ ဝိ၊ ၃။ ၁၆၇။ ကခ်ီ၊ ၄။ ၉၄။ ခုဒ္ဒသိက္ခာ၊ ၂၀၂။
၅။ ဝိ၊ ၃။ ၁၆၈။ ကခ်ီ၊ ၄၊ ၉၅။ ခုဒ္ဒသိက္ခာ၊ ၂၀၃။

ဖက်ယမ်းမေထုန်၊ မကြံုစဖူး၊ လွန်ကျူးနှစ်ဆယ်၊
ဤရှစ်သွယ်၊ မှတ်ဖွယ်သြဝါဒါ။
ဤရှစ်ပါးတည်း။[၁]

ဝဇ္ဇနီယပုဂ္ဂိုလ်ကား –
"လူ, နီ, သိက္ခ၊ သာနှစ်ဝ၊ သိက္ခ, အန္တိမာ။
မစွန်., မကု၊ မရှုတုံငြား၊ သရုပ်ကြား၊ သုံးပါးဥက္ခိုတ္တာ။
ပဏ်, ထေ, ပက်, ဆန်၊ ပဉ္စာနန်၊ ဒုသံ, ဥဘောပါ။
ဧကာဗီသ၊ ဝဇ္ဇီယ၊ ထုတ်ပြုပါဠိမှာ။
ဤနှစ်ကျိပ်တစ် (၂၁) ယောက်တည်း။[၂]

၁။ ဘိက္ခုနောဝါဒက အင်္ဂါ (၈) ပါး
(၁) သီလ = ပါတိမောက္ခသံဝရသီလရှိခြင်း။ (သီလ)
(၂) သုတ = စာပေပိဋကတ်ဗဟုသုတရှိခြင်း။ (ဗဟုဿုတ)
(၃) ဒွေးကိုရ = ဥဘတောဝိဘင်းနှင့် ပါတိမောက်ကို နှုတ်တက်ရခြင်း။ (သွာဂတ)
(၄) ကောင်းလုစကား = အသံကောင်းခြင်း, စကားပြောကောင်းခြင်း။
(ကလ္လာဏဝါစာ, ကလ္လာဏဝတ္တာရဏ)
(၅) အများချစ်ခင် = ဘိက္ခုနီသံဃာ အများစုက အကြည်ညိုခံရခြင်း (ပိယ၊ မနာပ)
(၆) သွန်သင်တတ်စွမ်း = ဘိက္ခုနီတို့.ကို သွန်သင်ဆုံးမတရား ဟောစွမ်းနိုင်ခြင်း။ (ပဋိဗလ)
(၇) မယ်ရဟန်းနှင့် မကြံုစဖူး = လွန်ကျူး — ရှေးလူ့ဝတ်ကြောင်ဘာဝက ဘိက္ခုနီ, သိက္ခမန်, သာမဏေမတို့.ကို ဖက်ယမ်းနမ်းရှုတ်ခြင်း၊ မေထုန်မှုမပြုဘူးခြင်း။ (အနဉ္ဇာပန္နာ)
(၈) နှစ်ဆယ် = ဝါ (၂၀) ရရှိခြင်း (ဝိသတိဝဿ) ဟူ၍ ဘိက္ခုနီဗတို့.ကို ဆုံးမထိုက်သော ဘိက္ခုနောဝါဒကအင်္ဂါ (၈) ပါးတည်း။
(ဝိ၊ ၂။ ၇၃၊ ၇၄။)

၂။ ဝဇ္ဇနီယပုဂ္ဂိုလ် (၂၁) ယောက်
(၁) လူ = လူဝတ်ကြောင် (၂) နီ = ဘိက္ခုနီ (= ရဟန်းမ)
(၃) သိက္ခ = သိက္ခမာန် (၄) သာနှစ်ဝ = သာမဏေ (ယောကျ်ား)
(၅) သာမဏေရီ (မိန်းမ)
(၆) သိက္ခ = သိက္ခာချသူ (သိက္ခာပစ္စက္ခာန)
(၇) အန္တိမာ = ပါရာဇိကကျသူ (အန္တိမဝတ္ထုအဇ္ဈာပန္နာ)
(၈) မစွန်. = အယူမှားကို မစွန့်သူ
(၉) မကု = အာပတ်ကို မကုစားသူ
(၁၀) မရှု = အာပတ်ကို မရှုမြင်သူ
(၈) မှ (၁၀) ဥက္ခိတ္တကဿဂ္ဂိုလ် (၃) မျိုး
(၁၁) ပဏ် = ပဏ္ဍာက်
(၁၂) ထေ = ထေယျသံဝါသကပုဂ္ဂိုလ်
(၁၃) ပက် = တံထွေးကောင်သို.ပြောင်းသူ (ကိတ္တိယပက္ကန္ဒကာ)
(၁၄) ဆန် = တံရွှာန်
(၁၅) ပဉ္စာနန် = အဓိသတ်သူ (၁၆) အဘသတ်သူ (၁၇) ရဟန္တာသတ်သူ
(၁၈) ဘုရားဒေသွးစွမ်းတည်ဖောင်လှပ်သူ
(၁၉) သံဃာဒေးခွဲသူ
(၂၀) ဒုသံ = ဘိက္ခုနီမဟုတ်ဆိုးသူ (ဘိက္ခုနီဒူသကာ)
(၂၁) ဥဘော = လိင်နှိပ်စက်ခံပါသူ ဘုရားတော်ဗဟုသူတော်ကောင်း (ဥဘတောဗျဉ်ဇနကာ)
(ဝိ၊ ၃။ ၁၅၇၊ ၁၅၉၊ ၁၆၀၊ ၁၆၁။ ဂ၁၊ ၉၃။ ဝိနယသင်္ဂဟ၊ ၂၁၄၊ ၂၁၅။

"ရှစ်ပါးပါရာ၊ ဘဗ္ဘာယောသွတ်၊ လူဝတ်သည့်နီ၊
လမ္မီ, မုဒု၊ ရှေ့.ရှုတိုင်ခဲ့၊ စုတ်ပြန်ခဲ့၊ နှစ်ဆယ့်လေးပါရာ။"[၁]
အာ, ဥသ်, ဩ, ပက်၊ နပုံးစွက်၊ ငါးချက်ပဏ္ဏာကလာ။"[၂]

ဥပုသ်ပြီး၏။

၁။ ပါရာဇိက (၂၄) ပါး။
(၁-၄) ရဟန်းတော်များအတွက် ပါရာဇိက ၄-ပါး။
(၅-၈) ရဟန်းမ (ဘိက္ခုနီ) များအတွက်ပါရာဇိက ၄-ပါး။
(၉-၁၉) အဘဗ္ဘပုဂ္ဂိုလ် (၁၁) ယောက်။
(၂၀) လူထွက်လို၍ လူဝတ်လဲသော ဘိက္ခုနီမ၊
(၂၁) အဂိဇာတ်ရည်သော "လမ္မီ" ပုဂ္ဂိုလ်၊
(၂၂) ကျောက်ကုန်းနှုးညံ့ပျော့ပျောင်းသော "မုဒုပိဋ္ဌက" ပုဂ္ဂိုလ်။
(၂၃) သူတစ်ပါးအဂိဇာတ်ပေါ် ရှေ့ရှုထိုင်သူ။
(၂၄) သူတစ်ပါးအဂိဇာတ်ကို စုပ်သူ (ပန်းစုပ်ပုဂ္ဂိုလ်)
ပေါင်းပါရာဇိက (၂၄) ပါးတည်း။
ဝိ၊ ၄၊ ၂။ ၁၀၃။ ကခ်ီ၊ ၄၊ ၁၂၆။ ကခ်ီ၊ ဋီ၊ သစ်။ ၂၂၃။ ၂၂၄။ ခုဒ္ဒသိက္ခာ၊ ၁၃၄။

၂။ ပဏ္ဏာကံ (၅) ယောက်
(၁) အာသိတ္တက = သူတစ်ပါးအဂိဇာတ်ကို စုပ်၍ သုက်ထွက်မှ သုက်ကို သောက်သုံးရမှ ကာမတဏှာပြေပျောက်သူ။
(၂) ဥသူယ = သူတစ်ပါးကာမလွန်ကျူးနေသည်ကိုကြည့်ပြီး ငြူ။ စူရမှ ကာမတဏှာအပူငြိမ်းသူ။
(၃) ဩပက္ကမိက = ဝေးစေ့ထုတ်ခံရသူ။
(၄) ပက္ခပဏ္ဏာကံ = လဆုတ်ပက္ခ၌ ပဏ္ဏာကံဖြစ်၍ လဆန်းပက္ခ၌ ကာမတဏှာအပူငြိမ်းသူ။
(၅) နပုံသကပဏ္ဏာကံ = မိန်းမအဂိဇာတ်, ယောကျ်ားအဂိဇာတ်နှစ်မျိုးလုံးမထင်ရှားသူ။
ဟူ၍ ပဏ္ဏာကံ (၅) ယောက် ရှိသည်။
ဝိ၊ ၄၊ ၂၉၇။ ဝိနယသင်္ဂဟ၊ ၁၄၅။ ဝိနယဝိနိစ္ဆယ၊ ၂၄၂။ ကခ်ီ၊ ဋီ၊ သစ်၊ ၁၆၇။ ၁၆၈။

ဥပုသ်ဆိုင်ရာပြီး၏။

၇။ ပဝါရဏာ

စာတုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂီ နေ့အားဖြင့် (၃) ပါး၊
သံဃ, ဂဏ, ပုဂ္ဂလ-ပုဂ္ဂိုလ်အားဖြင့် (၃) ပါး၊
တေဝါစိက, ဒွေဝါစိက, သမာနဝဿိက-အခြင်းအရာအားဖြင့် (၃) ပါး ဤပဝါရဏာကိုးပါး[၁] သည်လည်း ဥပုသ်ကိုးပါးနှင့် များစွာ မထူးလှပြီ။

ထူးသည်ကိုဆိုအံ့။

တစ်သိမ်တည်း၌ ရဟန်းငါးပါးရှိမူ –

"သုဏာတု မေ ဘန္တေ သံဃော။ အဇ္ဇ ပဝါရဏာ ပန္နရသီ။

ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော ပဝါရေယျ။"[၂] ဟု သဗ္ဗသင်္ဃိကဉတ်ကိုသော်လည်းကောင်း၊

"သံဃော တေဝါစိကံ ပဝါရေယျ။"[၃] ဟု ဝိသေသဉတ်ကိုသော်လည်းကောင်း ထားပြီး၍

"သံဃံ ဘန္တေ ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။"

ဒုတိယမျိုး၊ ပ၊ တတိယမျိုး ဘန္တေ သံဃံ၊ ပ။ ပဋိကရိဿာမိ။"[၄] ဟု ဝါစဉ်အတိုင်း သုံးကြိမ်စီဆို။ ကိုယ့်အလှည့် မပြီးမချင်း ဆောင့်ကြောင့်သာ ထိုင်နေရသည်။ ဒုးကို ချ၍ထိုင်မူ ဒုက္ကဋ်။

အန္တရာယ် (၁၀) တို့တွင် တစ်ပါးပါးရှိခဲ့သော်လည်းကောင်း၊ ကလဟ, ဝိဝါဒ, ဓမ္မသာကစ္ဆာ စသည်တို့ကြောင့် ညှဉ်ကြွင်းနည်းခဲ့သော်လည်းကောင်း, ဒွေဝါစိက, ဧကဝါစိက, သမာနဝဿိက ပြုကောင်း၏။

တစ်သိမ်တည်း၌ ရဟန်းလေးပါး, သုံးပါးရှိမူ –

"သုဏန္တု မေ အာယသ္မန္တော၊ အဇ္ဇ ပဝါရဏာ
ပန္နရသီ၊ ယဒါ ယသ္မန္တာနံ ပတ္တကလ္လံ၊
မယံ အညမညံ ပဝါရေယျာမ။"[၅] ဟု ဂဏဉတ်ထား၍ ဖိတ်ကြားရသည်။

နှစ်ပါးရှိမူ ဉတ်မထားရပြီ။ တစ်ပါးတည်းသာရှိမူ – "အဇ္ဇမေ ပဝါရဏာ ပန္နရသီ။"[၆] ဟု ဆိုရသည်။

ပဝါရဏာပြီး၏။

၁။ ပဝါရဏာ (၉) ပါး ထင်ရှားပြီ။
ဝိနယဝိနိစ္ဆယ၊ ၂၅၃။ ခုဒ္ဒသိက္ခာ၊ ဋီ၊ သစ်၊ ၄၂၅။
၂။ ဝိ၊ ၃၊ ၂၂၃။ ခုဒ္ဒသိက္ခာ၊ ၂၀၄။ ဝိ၊ ဋ၊ ၃။ ၃၅၆။
၃။ ဝိ၊ ၃။ ၂၂၃။ ခုဒ္ဒသိက္ခာ၊ ၂၀၄။ ဝိနယသင်္ဂဟ၊ ၂၀၇။ ခုဒ္ဒသိက္ခာ၊ ဋီ၊ သစ်၊ ၄၂၆။
၄။ ဝိ၊ ၃။ ၂၂၃။ ခုဒ္ဒသိက္ခာ၊ ၂၀၄။ ၂၀၅။
၅။ ဝိ၊ ၃။ ၂၂၀။ ခုဒ္ဒသိက္ခာ၊ ၂၀၆။
၆။ ဝိ၊ ၃။ ၂၂၀။ ဝိ၊ ဋ၊ ၂။ ၃၅၀။ ခုဒ္ဒသိက္ခာ၊ ၂၀၀။ ဝိနယသင်္ဂဟ၊ ၂၀၄။

ပဝါရဏာဆိုင်ရာပြီး၏။

၈, ၉။ ဆန္ဒ, ပါရိသုဒ္ဓိ

ဤဥပုသ်, ပဝါရဏာခန်း၌ ဆန္ဒ, ပါရိသုဒ္ဓိ အမြွက်ကို ဆက်၍ ဆိုဦးမည်၊ အခြားသိမ်က ဥပုသ်ပြုပြီးသော ရဟန်း သိမ်တွင်း၌ ရှိလျက် သံဃာစည်းဝေးရာသို့ မလိုက်လိုလျှင် သံဃာဝက်မဖြစ်စေခြင်းငှာ ဆန္ဒပေးလိုက်ရသည်။

ပေးပုံကား – ထိုရဟန်းသည် ရဟန်းတစ်ပါးအထံ၌ လက်အုပ်ချီ၍ – "ဆန္ဒံ ဒမ္မံ။ ဆန္ဒံ မေဟရ။ ဆန္ဒံ မေ အာရောစေဟိ။"[၁] ဟု ဆို၍ ပေး။

ဆန္ဒဆောင်သောရဟန်းက သံဃာစည်းဝေးပြီးသည့်နောက် ဘွဲ့မည်ကို မှတ်၍ – "တိဿောနာမ ဘန္တေ ဘိက္ခု ဆန္ဒံ ဒေတိ။"[၂] ဟူ၍လည်းကောင်း၊ "အဒါသိ" ဟူ၍ လည်းကောင်း, "တိဿေန ဘိက္ခုနာ ဆန္ဒော ဒိန္နော"[၃] ဟူ၍လည်းကောင်း ကြားရသည်။ နောတက္ကော။

ယခုကာလကား – "တိဿေန ဘိက္ခုနာ ဆန္ဒော ဒိန္နော၊ တမဟံ သံဃဿ အာရောစေမိ၊"[၄] ဟု ကြားရိုးပြုကြကုန်၏၊ သင့်သည်ချည်း၊ ကျမ်းဂန်ကား တိုက်ရိုက်မရှိ။ ဂိလာန, ဂိလာနုပဋ္ဌာက, ကိစ္စပွသုတရဟန်းတို့ကား မိမိတို့လည်း ဥပုသ်ပြုခြင်း ကိစ္စပြီးအောင် ပါရိသုဒ္ဓိပေးရသည်၊ ပေးပုံ, ကြားပုံကား ဆန္ဒကို နည်းမှီး၍ ဣတ္ထိလိင် နှင့်ဆို။[၅]

သံဃာအား ဥပသမ္ပဒက် စသော ကံတစ်ပါးရှိသေးလျှင် ပြန်၍ ဆန္ဒမ ဆောင်လာရအောင် ဆန္ဒကိုလည်း ပေးလိုက်ရသည်။

ဆန္ဒ, ပါရိသုဒ္ဓိနှစ်ပါးတို့ အကျိုးအာနိသင်အထူးကား –

"နှစ်ဦးနှစ်ဝ၊ ဥပုသ်မျှ၊ ပြီးက ပါရိမှာ၊
ဆန္ဒမှာကား၊ သံဃာအား၊ ပြီးငြားကံသဗ္ဗာ၊
ပါရိ, ဆန္ဒ၊ ထိုနှစ်ဝ၊ ထူးက ဤသို့လာ။"[၆]

၁။ ဝိ၊ ၃၊ ၁၆၃။ ကခါ၊ ၄၊ ၉၆။ ခုဒ္ဒသိက္ခာ၊ ၁၉၈။

၂။ ၃။ ကျမ်းပြုဆရာ၏ စုဏ္ဏိယဝါကျ။ (နော တက္ကောကို ထောက်)

၄။ ရှေးဆရာတို့၏ ဆန္ဒကြားနည်းကား ဝိနယာနလောမဖြစ်ပါပေ၏။ ကျမ်းဂန်တို့၌ မတွေ့မီ။ မြန်မာဘာသာဖြင့်လည်း ဆန္ဒပါရိသုဒ္ဓိ ကြားနိုင်၏။ သီးလုံးဆရာတော်၏ ဝိနည်းအဆုံးအဖြတ် (၁၅၁) ၌လည်း ရှုဦး။ (ကခါ၊ ဋီ၊ သစ်၊ ၁၅၆)

၅။ ပါရိသုဒ္ဓိကြားပုံ။

(က) ပါရိသုဒ္ဓိံ ဒမ္မိ၊ ပါရိသုဒ္ဓိံ မေ ဟရ။
ပါရိသုဒ္ဓိံ အာရောစေဟိ။

(ခ) တိဿောနာမ ဘိက္ခဝေ ဘိက္ခု ပါရိသုဒ္ဓိံဒေတိ။
(အဒါသိ)။ တမဟံ သံဃဿ အာရောစေမိ။
တစ်နည်း ။ ။ တိဿေန ဘိက္ခုနာ ပါရိသုဒ္ဓိ ဒိန္နာ၊
တမဟံ သံဃဿ အာရောစေမိ။

၆။ ဆန္ဒ, ပါရိသုဒ္ဓိပေးခြင်းနှစ်ပါးအထူး။
ပါရိသုဒ္ဓိပေးခြင်းကြောင့် မိမိ၏ဥပုသ်ပြုမှုကိစ္စ, သံဃာ၏ ဥပုသ်ပြုမှုကိစ္စ ဤနှစ်ကိစ္စ အောင်မြင် ပြီးစီး၏။ (ဥပုသ်ပြုမှုကိစ္စသာ ပြီးစီး အောင်မြင်သည်။ အခြားကိစ္စ မအောင်မြင်။)
ဆန္ဒပေးခြင်းကြောင့် (သံဃာ၏ ဥပုသ်ကံနှင့် အခြားကံ ၂မျိုးလုံး အောင်မြင်ပြီးစီး၏။ သို့သော် မိမိ၏ဥပုသ်ကိစ္စ မအောင်ပါ။) ဤသို့ ပါရိသုဒ္ဓိပေးခြင်း, ဆန္ဒပေးခြင်း နှစ်ပါး ထူးခြားသည်။

"ပါရိသုဒ္ဓိ ဥတုက္ခာနံ" ပုဒ်ကို ဝါကျမှတ်ထင်၍ ဆန္ဒပါရိသုဒ္ဓိစ – ဆန္ဒဆောင်ခြင်း, ဆန္ဒ, ပါရိသုဒ္ဓိဆောင်ခြင်းလည်းကောင်း။ ဥတုက္ခာနဥ္စ – ဥတုသုံးပါးကို ကြားခြင်းလည်းကောင်းဟု အနက်ပေး၍ – ဆန္ဒ, ပါရိသုဒ္ဓိကို သံဃာစည်းဝေးပြီး နောက်မှ သွား၍ ဆောင်ရမည်။ ပုဗ္ဗကရဏ မဟုတ်။ ပုဗ္ဗကိစ္စတည်းဟု ဆိုကြကုန်၏။ ဝါကျ မဟုတ်။ သမာသ်တည်း။ အက္ခာနပုဒ်ကို သုံးပုဒ်လုံး၌ ယှဉ်၍ ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနဥ္စ –ဆန္ဒကိုကြားခြင်း, ဆန္ဒပါရိသုဒ္ဓိကိုကြားခြင်း, ဥတုသုံးပါးကိုကြားခြင်း – ဟု အနက်သမ္မန်ရမည်။

ဆန္ဒပါရိသုဒ္ဓိကြားခြင်းကို သံဃာစည်းဝေးပြီး နောက်မှ ပြုရသည်။ ဆောင်ခြင်းကိုကား အသီးသီးလာခဲ့ရာ အရပ်ကပင် ပြုခဲ့ကြရသည်။

ဤအနက်ကို – "သစေ သော အည် ဘိက္ခုံ ပဿိတွာ"[၁] စသော ကခ်ါနိဒါန်းပါ၌ သာဓကဖြင့်လည်းကောင်း, သုံးယူဇနာရှိသော သိမ်ကြီးမှာ သံဃာစည်းဝေးပြီးမှ သွား၍ ဆောင်လျှင် ဥပေါသထ၏ အန္တရာယ်ပင် ဖြစ်ရာသော ယုတ္တိဖြင့်လည်းကောင်း သိအပ်၏။

သိမ်တူမှ ဆန္ဒ, ပါရိသုဒ္ဓိကို ဆောင်ရသည်၊ သိမ်ပြားမူ မဆောင်ရ။ ဆောင်သော်လည်း မပါ မလိုက် သဃ်ာလည်း ဝဂ်မဖြစ်။

ဆန္ဒ, ပါရိသုဒ္ဓိအမြွက်ပြီး၏။

၁။ ကခါ၊ ၄၊ ၉၆။ (ကခါ နိဒါနဝဏ္ဏနာ ဆန္ဒပါရိသုဒ္ဓိအဖွင့်)။

၁၀။ ကပ္ပိယကုဋိ

ဝါသတ္ထာယ ကတေ ဂေဟေ၊ သံဃိကေ ဝေကသန္တိကေ။
ကပ္ပိယာကုဋိလဒ္ဓဗ္ဗာ၊ သဟဿေယျပဟောနကေ။[၁]

ဟူ၍ လာသော ကပ္ပိယကုဋိသည် ဥတ္တိဒုတိယ အပလောကနကံတို့ဖြင့် သမုတ်ရသော သမ္မုတိ ကုဋိ-၁။ ရှေးဦးစွာချသောသည်တိုင်, အုဒ္ဒကျောက်နံရံ စသည်တို့ကို ရဟန်းလေးပါး၊ ငါးပါး ပွေ့ပိုက်ချီကိုင် သုံးသပ်၍ – "ကပ္ပိယကုဋိံ ကရောမ"[၂] ဟု ဆို၍ တိုင်ကျသည်နှင့် စကားလုံးဆုံးခြင်း ညီမျှအောင်ချ၍ ဆောက်လုပ်သော ဥဿာဝနန္တိကကုဋိ-၁။ ကျောင်းဝင်းဆူးစည်း, တံတိုင်းအရံထက်ဝက်မျှ မရှိသောကျောင်း ဟူသော ဂေါနိသာဒီကကုဋိ-၁။ ရဟန်းမှ ကြွင်းသောသီတင်းသုံးဖော်လေးရပ်, လူနတ်ဗြဟ္မာ တို့၏ ကျောင်း, အိမ်, ဗိမာန်, "ကပ္ပိယကုဋိံ ဒေမ၊ ပရိဘုဉ္ဇထ။ ကပ္ပိယကုဋိံ ကာတုံ ဒေမ။"[၃] ဟု ဆို၍ ရေစက်ချ လှူအပ်သော ဂဟပတိကုဋိ-၁၊ ဟူ၍ လေးလုံးတည်း။

သမ္မုတိသာဝနန္တာ စ၊ ဂေါနိသာဒီ ဂဟပတိ။
ကပ္ပိယာ ဘူမိယော ယာသု၊ ဝုတ္ထံ ပဏ္ဏဋ္ဌ ကပ္ပတိ။

ခုဒ္ဒသိက္ခာ[၄] လာရှိသည့်အတိုင်း ယင်းကပ္ပိယကုဋိ လေးလုံးခဲ့သာ ယာဝကာလိက, ယာမကာလိက နှစ်ပါးကို ညဉ့်အိပ်သိုမှီး၍ ထားကောင်းသည်။ ချက်ပြုတ်, ဖုတ်ကင်

၁။ ခုဒ္ဒသိက္ခာ၊ ၁၅၃ (ဘူမိနိဒ္ဒေသ-၁၃၇-ဂါထာ)။
၂။ ဝိ၊ ဋ၊ ၃။ ၃၇၉။ ခုဒ္ဒသိက္ခာ၊ ၁၅၃။ ဝိနယဝိနိစ္ဆယ၊ ၂၅၆။
ဝိနယသင်္ဂဟ၊ ၁၀၉။ သာရတ္ထ၊ ၃။ ၃၂၈။ ခုဒ္ဒသိက္ခာ၊ ဋီ၊ ဟောင်း၊ ၁၃၆။
ဋီ၊ သစ်၊ ၃၂၇။ ဝိနယာလင်္ကာရ၊ ၁။ ၂၀၇။
၃။ ဝိ၊ ဋ၊ ၃။ ၃၈၀။ ဝိနယသင်္ဂဟ၊ ၁၁၀။ ကခ်ီ၊ ဋီသစ်၊ ၃၉၁။
၄။ ယင်း၊ ၁၅၃။ (ဘူမိနိဒ္ဒေသ၊ ၁၃၆-ဂါထာ)။
ကပ္ပိယကုဋိ (၄) လုံး။ (အပ်သောကျောင်း ၄-မျိုး)
(၁) သမ္မုတိ ကုဋိ = ဥတ္တိ ဒုတိယကမ္မဝါစာဖြင့် သမုတ်ထားသောကုဋိ၊ အပလောကနကံဖြင့် ပန်ကြားသမုတ်ထားသောကျောင်း။
(၂) ဥဿာဝနန္တိကကုဋိ = "ကပ္ပိယကုဋိကရောမ" ဟု ဆိုသော စကားအဆုံးနှင့် မြေသို့တိုင်အကျ, အုတ်ခဲအကျပြိုင်မိအောင် ပြုလုပ်၍ ဆောက်ထားသော ကျောင်း။
(၃) ဂေါနိသာဒီကုဋိ = ကျောင်းဝင်း အကာအရံ ထက်ဝက်မျှ မရှိ၍ နွားများဝင်နေနိုင်သော ကျောင်းမျိုး။
(၄) ဂဟပတိကုဋိ = ရဟန်းမှတစ်ပါး ပုဂ္ဂိုလ်အားလုံးက "ကပ္ပိယကုဋိဒေမ ပရိဘုဉ္ဇထ၊ ကပ္ပိယကုဋိံ ကာတုံ ဒေမ။" ဟု ကပ္ပိယစကားဖြင့်ဆို၍ လှူဒါန်းထားသော ကျောင်း။ (ဘုန်းကြီးပစ္စည်း, ရဟန်းပစ္စည်း မပါစေရ)

မှတ်ချက် ။ ။ ရဟန်းတော်တို့အား အပ်စပ်သောကျောင်း (ကပ္ပိယကုဋိ) ရရှိအောင် ပြုလုပ်ထိုက်၏။ ကပ္ပိယကုဋိ၌သာ ယာဝကာလိက, ယာမကာလိက ပစ္စည်းများထားခြင်း, သိမှီးခြင်း၊ ချက်ပြုတ်ခြင်း ပြုကောင်း၏။ ကုဋိပျက်အတွင်း၌ မထားကောင်း မချက်ပြုတ်ကောင်း, မစားသောက်ကောင်း။ ထားသို ချက်ပြုတ် စားသောက်က အန္တောဝုတ္ထ, အန္တောပက္ကာ ဒုက္ကဋ်အာပတ်သင့်တတ်၏။

ကောင်းသည်။ ကုဋိပျက်တွင်း[၁] ၌ သိမိုး, ချက်ပြုတ်လျှင် အန္တောဝတ္ထု, အန္တောပက္ကဒုက္ကဋ် အာပတ်သင့်သည်။

ယင်းကပ္ပိယကုဋိလေးလုံးပျက်ပုံကား –

"ဥဿာဝနန္တိကာ ယေဟိ၊ ထမ္ဘာဒိဟိ အဓိဋ္ဌိတာ။
တေသု ယေဝါ ပနိတေသု၊ တဒညေသုပိ တိဋ္ဌတိ။
သဗ္ဗေသု အပနီတေသု၊ ဘဝေ ဧကိတ ဝတ္ထုကာ။
ဂေါနိသာဒိ ပရိက္ခိတ္တော၊ သေသာ ဆဒနဝိဗ္ဘမာ။"

ခုဒ္ဒသိက္ခာ[၂] လာတိုင်းမှတ်။

ကပ္ပိယကုဋိပြီး၏။

၁။ ကခ်ီ၊ ဌ။ ၂၂၆။ ခုဒ္ဒသိက္ခာ၊ ၁၅၄။ ဝိ၊ ဌ၊ ၃။ ၃၀၁။ ဝိနယဝိနိစ္ဆယ၊ ဦ၊ ၂။ ၂၂၇။ မဟာဝါဂ္ဂသီသစ်၊ ၂၀၂။

၂။ ယင်း။ ၁၅၄။ (ဘူမိနိဒ္ဒေသ၊ ၁၄၃။ ၁၄၄-ဂါထာ)

မှတ်ချက် ။ ။ ကုဋိပျက်ဟူသည် အကပ္ပိယကုဋိဖြစ်သော ကျောင်းတည်း။ ကုဋိလက္ခဏာပျက်ခြင်းသာ မှတ်အပ်၏။ ပျက်စီးသွားခြင်းမျိုး မဟုတ်။

အကပ္ပိယကုဋိဆိုသော်လည်း၊ ကပ္ပိယကုဋိအဂ်ါမည်၍ ယာဝ, ပဘမကာလိကပစ္စည်းများ၊ မထားမသိုကောင်းရုံသာ။ ရဟန်း၊ဝေါ်များ၊ မနေကောင်း၊ သောကျောင်း၊ မဟုတ်။

ကပ္ပိယကုဋိဆိုင်ရာပြီး၏။

၁၁။ ကာလိက

အကပ်ခံပြီးမှစ၍ ကာလအပိုင်းအခြားရှိသော ကာလိက[၁] သည် ယာဝကာလိက, ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝက ဟူ၍ လေးပါး[၂] တည်း။

ထိုတွင် စားဖွယ်ဘောဇဉ်ငါးပါး၊

"မြစ်, ဥ, စွယ်, ညှောက်၊ ပင်, ခေါက်, ရွက်, ပွင့်၊ သီး, စေ့, ဆင့်၊ မှုန့်.နှင့် စေးဆယ့်နှစ်၊" ဟူသော ခဲဖွယ်-ဆယ့်နှစ်ပါး[၃] တို့.သည် ယာဝကာလိက မည်၏။

၁။ ကာလိက ဟူသည် = ပိုင်းခြားသတ်မှတ်ထားသော အချိန်ကာလအတွင်း၌ စားထိုက်သောအစာအာဟာရများတည်း။
ကာလော ဇတေသံ အတ္ထိတိ ကာလိကာ။ ဟု ဝစနတ္ထပြု။ အကပ်မခံရသေးလျှင် ကာလိကပစ္စည်း မခေါ်ရသေး၊ အကပ်ခံပြီးချိန်မှစ၍ ကာလိကပစ္စည်းခေါ်တွင်၏။ (ခုဒ္ဒသိက္ခာ၊ ဋီ၊ သစ်၊ ၂၉၆။ ၂၉၇။)

၂။ ကာလိက (၄) ပါး။
(၁) ယာဝကာလိက = အရုဏ်တက်ပြီးချိန်မှ မွန်းတည့်အတွင်း စားကောင်းဘောဇဉ် ၅-ပါးနှင့် ခဲဖွယ်ဆယ့်နှစ်ပါး။
(၂) ယာမကာလိက = မွန်းတည့်ပြီးနောက် အရုဏ်မတက်ခင် မိုးသောက်ယံအထိ သောက်ကောင်းသော ဖျော်ရည်မျိုးစုံ။
(၃) သတ္တာဟကာလိက = (၇) ရက်လုံးလုံး စားသုံးထိုက်သော ထောပတ်, ဆီ, ဆီဉီး, ပျားရည်, တင်လဲ ဟူသောဆေး (၅) မျိုး။
(၄) ယာဝဇီဝက = တစ်သက်လုံး (အသက်ထက်ဆုံး) သုံးစွဲစားသောက်ကောင်းသော ဆား, ကြက်သွန်, ဆီးဖြူ, သျှိသျှား, သဖန်းခါး (ဖန်းခါး) နှင့်အရွက်, အမြစ်, အဥ, အခေါက်များ (ဆေးပစ္စည်းများ)

၃။ ခဲဖွယ် (၁၂) ပါး
(၁) မူလခါဒနီယ = ကန်စွန်းဥ, ပိန်းဥ စသောအမြစ်ခဲဖွယ်။
(၂) ကန္ဒခါဒနီယ = ကြာဥ, ဝက်မြေဥ စသော အဥခဲဖွယ်။
(၃) မုဇ္ဇာလခါဒနီယ = ကြာစွယ်စသော အစွယ်ခဲဖွယ်။
(၄) မတ္ထကခါဒနီယ = ကြိမ်ညွန့်.စသော အညှောက်ခဲဖွယ်။
(၅) ခန္ဓခါဒနီယ = ကြံပင်စသော ပင်စည်ခဲဖွယ်။
(၆) တစခါဒနီယ = အရည်ရှိသောကြံခွံစသော အခေါက်ခဲဖွယ်။
(၇) ပတ္တာခါဒနီယ = ဗူးရွက်, ဖရုံရွက် စသော အရွက်ခဲဖွယ်။
(၈) ပုပ္ဖခါဒနီယ = ပဲပွင့်, ပေါက်ပွင့်စသော အပွင့်ခဲဖွယ်။
(၉) ဖလခါဒနီယ = ထန်းသီး, အုန်းသီး စသော အသီးခဲဖွယ်။
(၁၀) အဋ္ဌခါဒနီယ = သစ်ကြားစေ့, ပိန္နဲစေ့ စသော အစေ့ခဲဖွယ်။
(၁၁) ပိဋ္ဌခါဒနီယ = ဂျုံမှုန့်., ဆန်မှုန့်. စသော အမှုန့်.ခဲဖွယ်။
(၁၂) နိယျာသခါဒနီယ = ကြာစေး, ရိုးခို စသော အစေးခဲဖွယ်။
ဟူ၍ ခဲဖွယ် (ခါဒနီယ) ၁၂-ပါး ရှိ၏။
(ဝိ၊ ဋ၊ ၃။ ၉၉။ ဝိနယဝိနိစ္ဆယ၊ ၁၂၃။ ခုဒ္ဒသိက္ခာ၊ ဋီ ဟောင်း၊ ၁၁၁။ ဋီ သစ်၊ ၂၉၈။ ဆရာတော်ဗုဒ်၊ ခုဒ္ဒသိက္ခာနိဿယ၊ ကာလိကနိဒ္ဒေသ။)
* ခဲဖွယ်ဆယ့်နှစ်ပါးပြ လက်ကား ဆရာတော်ဗုဒ်၏ ဆောင်ပုဒ်လက်ကတည်း။

"ထန်း, အုန်းနှစ်ကွဲ၊ ပိန္နဲနှစ်စုံ၊ ဗူး, ဖရုံ၊
မှတ်ထုံ သုံးသခွား" ဟူသော သီးကြီးကိုးလုံး[၁] မှ တစ်ပါးသော ရအေးဖြင့် ဖျော်နယ်စစ်ယူအပ်သော အသီး, အပွင့်, အရွက်ရည် စသော အနုလောမအဖျော်[၂] နှင့် တကွသော –

– သပြေ, သရက်၊ နွယ်သဗျက်၊ ဘက်သက်တရော်ရည်၊

– တော, အိမ် ငှက်ပျော၊ ကြာစွယ်နှော၊ မှတ်လောရှစ်ဖျော်ရည်၊

ဟူသော အဖျော်ရည်ရှစ်ပါး[၃] သည် ယာမကာလိက မည်၏။ အကပ်ခံပြီးမှ အဖျော်ရည် မစင်လျှင် သဝတ္ထုကပွ တိဂ္ဂဟိတ[၄] ဖြစ်သောကြောင့် တဖန် ထပ်၍ စစ်ပြန်သော်လည်း မအပ်ပြီ။

အသားအပ်, မအပ်သော သတ္တဝါဟူသမျှတို့.၏ နို့.ရည်မှဖြစ်သော ထောပတ်, ထောပေး။ အလုံးစုံသော ဆီ, ဟုးရည်, တင်လဲ ဤငါးပါးသည် သတ္ထာဟကာလိက မည်၏။

၁။ အသီးကြီးကိုးလုံး။

(၁) တာလ = ထန်းသီး။ (၂) နာဠိကေရ = အုန်းသီး။
(၃) ပနသ = အိမ်ပိန္နဲသီး။ (၄) လဗုဇ = တောင်ပိန္နဲသီး။
(၅) အလာဗု = ဗူးသီး။ (၆) ကုမ္ဘဏ္ဍ = ဖရုံသီး။
(၇) ပုဿဖလ = သခွါးဆေစ်သီး။ (၈) တိပုသဖလ = သခွားငပြုပ်သီး။
(၉) ဧဠာဠုက = သခွားငကြောင်သီး။ ဟူ၍ သစ်သီးကြီး (မဟာဖလ) ၉-မျိုး ရှိ၏။
ဆောင်ပုဒ်လင်္ကာကို ဆရာတော်ဗုဒ်၏ ခဒ္ဒသိက္ခာနိသယဋ္ဌီလည်း ရှု။
ကခ်ီ၊ ၄၊ ၂၃၁။ ဒန္တ ပေါနသိက္ခာပုဒ်အဖွင့်။ ဝိနယသင်္ဂဟ၊ ၉၉။

၂။ အနုလောမဖျော်ရည်ဟူသည် – မူလဖျော်ရည် (၈) ပါးနှင့် အလားတူသော မန်ကျည်း, ဆီး, ရောက်, သံပရာ စသော ဖျော်ရည်တို့.တည်း။
(မူလဖျော်ရည် ၈-မျိုးအား လျော်သော ဖျော်ရည်တို့.တည်း။)
ကခ်ီ၊ ၄၊ ၂၃၁။ ဝိနယသင်္ဂဟ၊ ၉၉၊ ဝိနယဝိနိစ္ဆယ၊ ၂၅၈။ ဝိ၊ ၄။ ၃၊ ၃၀၄။

၃။ အဖျော်ရည် (၈) ပါး

(၁) ဇမ္ဗုပါန - သပြေသီးအဖျော်
(၂) အမ္ဗပါန - သရက်သီးအဖျော်
(၃) မုဒ္ဒိကာပါန - သပျစ်သီးအဖျော်
(၄) ဖာရုသကပါန - ဘက်သက်တရော်သီးအဖျော်
(၅) မဓုကပါန - သစ်မည်စည်သီးအဖျော်
(၆) စောစပါန - တောငှက်ပျောသီးအဖျော်
(၇) မောစပါန - အိမ်ငှက်သီးအဖျော်
(၈) သာလူကပါန - ကြာစွယ်အဖျော်
ဟူ၍ မူလခွင့်ပြုအပ်သော ဖျော်ရည် (၈) ပါးတည်း။
(ဝိ၊ ၃၊ ၃၄၄။ ဝိ၊ ၄၊ ၃။ ၃၀၃။ ကခ်ီ၊ ၄။ ၂၃၁။ ဝိနယဝိနိစ္ဆယ၊ ၂၅၈။)
၄။ ဝိ၊ ၃၊ ၃၄၉။ ဝိ၊ ၄၊ ၃။ ၃၀၆။ ခဒ္ဒသိက္ခာ၊ ၁၄၅။ ဝိနယသင်္ဂဟ၊ ၁၁၈။ ကခ်ီ၊ ၄။ ၂၂၆။

အသား:အပ်သော သတ္တဝါမှ ဖြစ်သော ပါဠိယာဂတ[၁] ထောပတ် စသည်သည် နိသဂ္ဂိယဝတ္ထု။ ပါဠိယာနာဂတ[၂] ထောပတ်စသည်ကား ဒုက္ကဋ်ဝတ္ထု။

အသား:မအပ်သော သတ္တဝါ[၃] ၌ အသား:, အသွေး:, အမွေး:, အရိုး:, အရေ ဤ ငါး:ပါး: လူမှာ အဆီပါ ခြောက်ပါး:[၄] သာ မအပ်သည်။ အကြွင်းကား လူနှံ့ရည်မှစ၍ အလုံးစုံအပ်၏။

ထိုထိုမြို့ရွာ ဒေသတို့၌ ပကတိ အာဟာရကိစ္စကို မပြီး:စေနိုင်သော အမြစ်, အခေါက်, အရွက်, အပွင့်, အသီး: စသော အလုံးစုံသည် ယာဝဇီဝက မည်၏။

ထိုတွင် ရှေးနေ့ အကပ်ခံပြီး:သော နောက်ကာလိကနှစ်ပါး:နှင့် ရောသော[၅] ရှေး:ကာလိကနှစ်ပါး:သည်[၆] သန္နိဓိပါစိတ်အာပတ်ကို ဖြစ်စေတတ်၏။

ကြာရှည်စွာ အကပ်ခံပြီး:သော ယာဝဇီဝကကို သတ္တာဟကာလိကနှင့် ရောမူကား: သမ္မိဿရသ[၇] ဖြစ်သော်လည်း: အပ်၏။

သတ္တာဟ ကာလိကကို အကပ်ခံသောနေ့မှ စ၍ ခုနစ်ရက်ကို ရေတွက်ရသည်ဟု အဋ္ဌကထာ ပြသည်။[၀]

ကာလိကခွဲ ပြီး:၏။

၁။ ပါရာဇိကဏ္ဍပါဠိတော်လာ ကေသဇ္ဇသိက္ခာပုဒ် (၃၆၃) ၌လာသော ထောပတ် စသော ဆေးတို့သည် ခုနစ်ရက်လွန်အောင် မပေးမစွန့်ဘဲထားလျှင်ပင် နိသဂ္ဂိယပါစိတ် အာပတ်သင့်၏။ (ခုဒ္ဒသိက္ခာ၊ ၁၄၇။ ဝိနယသင်္ဂဟ၊ ၁၀၂။)

၂။ ပါဠိတော်၌ မလာ (မဝါ) သော ထောပတ်စသော ဆေးတို့ကား သတ္တာဟကာလိက ဆေးများဖြစ်သောကြောင့် အကပ်ခံ၍ ခုနစ်ရက်လွန်လျှင် ဒုက္ကဋ်အာပတ်သင့်၏။ (ကခ်ီ၊ ၌၊ ၁၈၂။ ခုဒ္ဒသိက္ခာ၊ ၁၄၇။ ဝိနယသင်္ဂဟ၊ ၁၀၂၊ ၁၀၄)

၃။ ဝိနည်းမဟာဝါ ဘေသဇ္ဇက္ခန္ဓက (၃၁၁၊ ၃၁၄) ၌ လာသော မစား:ကောင်း:သော အသား:ကြီး: (၁၀) မျိုး: ခေါ်သော လူ, ခွေး: စသော သတ္တဝါဆယ်ဦး:။

၄။ အသား:မအပ်သော သတ္တဝါများ၏ (၁) အသား:။ (၂) အသွေး:။ (၃) အမွေး:။ (၄) အရိုး:။ (၅) အရေ။ (၆) လူ့အဆီ။ ဟူ၍ အကပ်ိယ (၆) ပါး:တည်း:။
(ဝိ၊ ၌။ ၃။ ၃၇၆။ ဝိနယသင်္ဂဟ၊ ၂၅။ ၁၀၄။ ခုဒ္ဒသိက္ခာ၊ ၁၅၀။)

၅။ ၆။ သတ္တာဟကာလိက, ယာဝဇီဝတ ၂-ပါး:နှင့် ရောနှောသော ရှေး:ကာလိကဖြစ်သော ယာဝကာလိက, ယာမကာလိက ၂-ပါး:တည်း:။
(ကခ်ီ၊ ၌၊ ၂၂၆။ ၂၂၇။ ဝိနယသင်္ဂဟ၊ ၁၀၈။ ခုဒ္ဒသိက္ခာ၊ ၁၄၇။)

၇။၈။ ကခ်ီ၊ ၌၊ ၂၂၆။ ခုဒ္ဒသိက္ခာ၊ ၁၄၈။ ဝိနယသင်္ဂဟ၊ ၁၀၈။

ကာလိကဆိုင်ရာပြီး၏။

၁၂။ နိဿယ မုစ္စက

ဆရာမရှိ, တပည့်တပန်း, ရဟန်းသာမဏေမမွေး၊ ကေစာရီ, ဒွေကစာရီ နေရသော နိဿယမုစ္စက အင်္ဂါကား –

သုတ္တန္နာ စတုဇ္ဈာဏဝါ၊ ပဋ္ဌဝဿေန မာတိကာ။
အမ္ဗဋ္ဌော ကထာမဂ္ဂေါ၊ တိသော်စ အနုမောဒနာ။
ကမ္မာကမ္မဋ္ဌ သမဏ – ဓမ္မံ ကာတုဋ္ဌ ဘာဝနာ။
ဇေတ္တက် ဥဂ္ဂဟေတဗ္ဗံ၊ သုတဝါ ဟောတ္တကေနသော။[၁]

ဟူသော သင်္ဂဟဂါထာနှင့်အညီ။ ငါးဝါပြည့်၍ သုတ်နှစ်အင်္ဂါ, ဒွေမာတိကာ, ဝတ္ထု ကြောင်းတစ်ခု, ရေစက်ချနှင့်တကွ တရားသုံးပုဒ်, ဥပုသ်ပဝါရဏာ ကဲကြီးကဲငယ်, အဆုံးအဖြတ်, မင်္ဂိုလ်ဆိုက်ထိအောင် သမာဓိ ဝိပဿနာအစွမ်းဖြင့် စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းကောင်း ဤတရားများကို ရမိသိနားလည်အောင် အားထုတ်အပ်၏။

ဤအင်္ဂါခုနစ်ပါး[၂]မျှ မပြည့်စုံဘဲလျက် နိသျည်းဥပဇ္ဈာယ်ဆရာအဖိုကင်း၍နေလျှင် နေ့စဉ်မပြတ် အာပတ်သင့်၍ နေတတ်သည်။

၁။ ဝိ၊ ဋ္ဌ၊ ၃။ ၅၄ ဦ် လာသော စုဏ္ဏိယဝါကျတို့.ကို အကျဉ်းချုံး၍ ဤကျမ်းပြုဆရာတော်ဘုရားကြီးက သင်္ဂဟဂါထာစီထားသည်။ ဝိသုဒ္ဓါရုံ အဆုံးအဖြတ်စာမျက်နှာ ၂၇၄ – ဦ ရှု။
ထိုကို ရည်၍ အလွယ်တကူ ဆောင်ယူထားနိုင်ရန် ကျမ်းပြုမဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက "ရွှေကျင်ဂိုဏ်းကျင့်ထုံးကျမ်းကြီး" စာမျက်နှာ – ၂ ဦ "ငါးဝါပြည့်ဘီ၊ ဒွေမာတိကာ, သုတ်လေးဘဏဝါရ, အမ္ဗဋ္ဌတု၊ ဝတ္ထုစကား၊ တရားသုံးပုဒ်၊ အားထုတ်ဖို့.ရာ၊ ဘာဝနာနှင့်၊ ကမ္မာကမ္မ၊ နိဿယ၊ မုတ္တာအင်္ဂါ ခုနစ်တည်း။" ဟူ၍ ဆိုတော်မူ၏။

၂။ နိဿယ မုစ္စကအင်္ဂါ (၇) ပါး။ (နိသျည်းလွတ်အင်္ဂါ ၇ – ချက်)

(၁) ပဋ္ဌဝဿ = ငါးဝါပြည့်ခြင်း
(၂) ဒွေမာတိကာပဂုဏ = ဒွေမာတိကာ (ပါတိမောက် ၂ စောင်) ကို ရခြင်း။
(၃) စတ္တာရောဘာဏဝါရာ = ဓမ္မပဒ စသော သုတ္တာန်တို့.မှ လေးဘာဏဝါရ* လောက် ရရှိခြင်း။
(၄) ဇကောကထာမဂ္ဂေါ = ပရိသတ်အား တရားဟောဖို့.ရာ အမ္ဗဋ္ဌသုတ်, မဟာရာဟုလော ဝါဒသုတ်စသော ဓမ္မကထာအစဉ်ကို ပြောဟောတတ်ရခြင်း။
(၅) တိသောအနုမောဒနာ = ဆွမ်းတရား စသော ဤကြောင်းတရားသုံးပုဒ်လောက် ရရှိခြင်း။
(၆) သမထဝိပဿနာကမ္မဋ္ဌာန = ကမ္မဋ္ဌာန်းဘာဝနာအားထုတ်နည်းကို သိခြင်း။
(၇) ကမ္မာကမ္မဝိနိဗ္ဗယော = ဥပုသ်ပဝါရဏာ စသော ကဲကြီးကဲငယ်ပြုနည်းကို နားလည် ရခြင်း။

တစ်နည်း – (၁) ငါးဝါပြည့်ခြင်း။ (၂) သုတ်နှစ်အင်္ဂါကိုရခြင်း။
(၂) ဒွေမာတိကာရခြင်း။ (၄) ဝတ္ထုကြောင်းတစ်ခုရခြင်း။
(၅) ရေစက်ချနှင့်တကွ တရားသုံးပုဒ်ရခြင်း။
(၆) ကဲကြီးကဲငယ် အဆုံးအဖြတ်ကို သိခြင်း။
(၇) သမထဝိပဿနာကမ္မဋ္ဌာန်းနည်းကို နားလည်ခြင်း၊
ဟူ၍ နိဿယနည်းလွတ်အင်္ဂါ (၇) ပါး (အမှီလွတ်ပြီး နေထိုင်သောအင်္ဂါ ၇ – ချက်တည်း။)
(ဝိ၊ ဋ္ဌ၊ ၃၊ ၅၄၊ ဝိနယသင်္ဂဟ၊ ၁၅၆။ ဝိနယဝိနိစ္ဆယ၊ ၁၈၆။)

ထိုတွင် ပဋ္ဌဝဿ, ဒွေမာတိကာ, ကမ္မာကမ္မ ဤအင်္ဂါ (၃) ပါး[၁] လိုရင်းမှတ်။ ကြွင်းလေ (၄) ပါး[၂] ကား ဒါယကာတို့နှင့် တွေ့ကြုံသောအခါ ဝတ်အိုကြီးပမာ ဘာကိုမျှ မပြောဟောတတ်ဘဲ ရဟန်းဂုဏ်သိမ်, အရိုန်အစော်နည်းမည်ကြောင့်လည်းကောင်း၊ ရဟန်းပြုရခြင်း၏ နိယျာနိက နိဿရဏအကျိုးရှိပါစေခြင်းလည်းကောင်း၊ အဋ္ဌကထာဆရာမြတ်ထည့်သွင်းတော်မူအပ်၏။

နိဿယမုစ္စက အင်္ဂါပြီး၏။

---

* ဘာဏဝါရတွက်ပုံ ။ ။ အက္ခရာရုစ်လုံးကို တစ်ပါဒ။ လေးပါဒကိုတစ်ဂါထာ။ ဂါထာ (၂၅၀) ကို တစ်ဘာဏဝါရ။ ဂါထာတစ်ထောင်ကို (၄) ဘာဏဝါရ (၂-အင်္ဂါ) ထို့ကြောင့် ဂါထာ (၁၀၀၀) ရှိ (၄) ဘာဏဝါရကို အရဆောင်ရမည်ဟု ဆိုလို၏။ (သီလက္ခန်၊ ဋီ၊ သစ်၊ ဂ၁။ သဒ္ဒနီတိဓာတုမာလာ၊ ၆၀ ရှု)

၁။ နိဿည်းလွတ်ရန် လိုရင်းအင်္ဂါ (၃) ပါး။

(၁) ပဋ္ဌဝဿ = ငါးဝါရခြင်း။ (၂) ဒွေမာတိကာ = ပါတိမောက် ၂ စောင်ရခြင်း။

(၃) ကမ္မာကမ္မံ = ကံကြီးကံငယ်ဆောင်နည်း နားလည်ခြင်း။ ဟူ၍ (၃) ပါး။

နိဿယည်းလွတ်ရန် ဤအင်္ဂါ (၃) ပါးသာ လိုရင်းတည်း။ (ပရိဝါပါဠိကော်၊ ၃၁၃။ ၃၁၄)

၂။ နိဿည်းလွတ်ရန် လိုရင်းမဟုတ်သော အင်္ဂါ (၄) ပါး။

(၁) သုတ္တန်တို့မှ (၄) ဘာဏဝါရလောက် ရရှိခြင်း။

(၂) ဓမ္မကထာစဉ်ဝတ္ထုကြောင်းတစ်ပုဒ်ကို ရရှိခြင်း။

(၃) တရားသုံးပုဒ်လောက်ရရှိခြင်း (၄) သမထဝိပဿနာကမ္မဋ္ဌာန်းနည်းကို သိနားလည်ခြင်း

ဟူ၍ နိဿည်းအမှီးလွတ်နေဖို့ရာ၌ လိုရင်းမဟုတ်သော အင်္ဂါ (၄) ပါးတည်း။

မှတ်ချက် ။ ။ အထက်တွင်ဆိုခဲ့သော နိဿည်းလွတ်အင်္ဂါ (၇) ပါးပြ ဆောင်ပုဒ်၌ အချို့စာမူများတွင် "နိဿယမုစ္စ ဗဟုသုတ" တည်းဟု ဆိုကြ၏။

ဗဟုသုတပုဂ္ဂိုလ် (၃) မျိုး

(၁) နိဿယမုစ္စကဗဟုသုတ = နိဿည်းလွတ်နေနိုင်အောင် ဗဟုသုတရှိသူ။

(၂) ပရိသုပဋ္ဌာကဗဟုသုတ = ပရိသတ်ကို လုပ်ကျွေးမွေးမြူနိုင်, ကျောင်းထိုင်နိုင်သော ဗဟုသုတရှိသူ။

(၃) ဘိက္ခူနောဝါဒကဗဟုသုတ = ဘိက္ခုနီမတို့ကို သြဝါဒပေးနိုင်, ဆုံးမနိုင်သော ဗဟုသုတရှိသူ။

ဟူ၍ ဗဟုသုတအကြားအမြင်ရှိသူ (၃) မျိုးကို အဋ္ဌကထာဆရာမြတ် ဖွင့်တော်မူ၏။

ထိုသုံးမျိုးတွင် ပထမဖြစ်သော နိဿယမုစ္စက ဗဟုသုတပုဂ္ဂိုလ်ကို ရည်ရွယ်၍ "နိဿယမုစ္စက ဗဟုသုတတည်း" ဟု အချို့မူတို့၌ လက်ံဆောင်ပုဒ်စပ်ဆိုခြင်း ဖြစ်၏။ (ဝိ၊ ဋ၊ ၃။ ၅၄။) ရှေးဂူးတော်ရှင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးသည် ဤနိဿယမုစ္စကအခန်း၌ အသိခက်သော နိဿည်းလွတ်အင်္ဂါ (၇) ပါးကိုသာ ပြဆိုတော်မူ၏။ နိဿည်းယူပုံကို မပြဆိုသော်လည်း အလွယ်တကူ သိရှိနိုင်ရန် မှတ်ချက်အဖြစ် ထည့်သွင်းလိုက်ပါ၏။

နိဿည်းယူပုံ ။ ။ နိဿည်းယူလိုသော ပုဂ္ဂိုလ်သည် (၁၀) ဝါရပြီးဖြစ်သော ဗျတ္တပဋိဗလဖုဂ္ဂိုလ်ထံ၌ လက်ကန်တော့တင်, ဆောင့်ကြောင့်ထိုင်, လက်အုပ်ချီ၍ –

"အာစရိယော မေ ဘန္တေ ဟောတိ။ အာယသ္မတော နိဿယ ဝစ္ဆာမိ" ဟု (၃) ခေါက်ဆို၍ နိဿည်းယူရာ၏။ (ဝိ၊ ၃၊ ၇၆)

အနက်ကား ။ ။ ဘန္တေ – အရှင်ဘုရား။ တွံ – အရှင်ဘုရားသည်။ မေ – တပည့်တော်၏။ အာစရိ ယော – မိုခိုဖို့ရာ နိသျည်းဆရာသည်။ ဟောဟိ – မြစ်တော်မူပါ။ အာယသွတော – အရှင်ဘုရားကို။ နိဿာယ – မိ၍။ ဝစ္ဆာမိ – နေပါအံ့ဘုရား။

စိစစ်ချက် ။ ။"အာယသွတော" ကား – "နိဿယာ" ၌ ကမ္မကမ္မိစပ်။ ဒုတိယာအနက်၌ ဆဋ္ဌိဝိဘတ်သက် (ဆဋ္ဌီကံတည်း။)

"ဝစ္ဆာမိ" ကား ဝသ – ဓာတ်။ သာမိ ဝိဘတ်တည်း။

နေဆဲ (ပစ္စုပွန်) မဟုတ်။ နေလတ္တံ့ (အနာဂတ်)။

ခုဒ္ဒသိက္ခာ၊ ဋီ၊ သစ် (၃၅၉) ၌ "ဝစ္ဆာမိ" ကို "ဝသာမိ" ဟု ပစ္စုပွန်နှင့် ဖွင့်၏။ ပါဠိပျက်ဟန်ရှိ၏။ သာရတ္ထဋီ (၂၊ ၂၃၇။ ဝိမတိ၊ ၂။ ၁၀၅) တို့၌ကား "ဝသိဿာမိ" ဟု အနာဂတ်ဝိဘတ်ဖြင့် ဖွင့်ပြကြ၏။

ပါစိတျာဒိ ယောဇနာ (၂၄၇) ၌ "အာယသွတော" ကို ဆဋ္ဌန္တပုဒ်အဖြစ်ဖြင့် "ဩဝါဒံ" ပုဒ်အစပ်ထည့်ကာ ဖွင့်ပြတော်မူ၏။ ဝဇီရဗုဒ္ဓိဋီကာ (၄၁၉) ၌ နည်းအမျိုးမျိုး ဖွင့်ပြသေး၏။ ကြည့်ရှုကြပါလေ။

၁၃။ ကျောင်းထိုင်အင်္ဂါ

တပည့်တပန်း, ရဟန်းသာမဏေမွေး, နိသျည်းဥပဇ္ဈာယ်ပေး၍ သာသနာတော်ကို ပြုစုချီးမြှောက်လိုသော ကျောင်းထိုင်ဘုန်းကြီး အင်္ဂါကား ဆယ်ဝါရခြင်း, ဥဘတော ဝိဘင်းပါဠို အဋ္ဌကထာကို အနက်အဓိပ္ပာယ်ထင်ခြင်း, ပရိဝါကမ္မဝဂ်လာကဲ့သယ် ကဲကြီးတို့.ကို သိနားလည်ခြင်း, ခန္ဓကဝတ်တို့.ကို များစွာဆိုသော ခုဒ္ဒသိက္ခာကျမ်းများကို သင်ကြားနှုတ်ရ၍ ခန္ဓကဝိနည်းကို သိနားလည်ခြင်း, နာမ်ရုပ်အပိုင်းအခြားကို များစွာဆိုသော သဂြိုဟ်ကျမ်းများကို ရမိ သိနားလည်၍ သမထ – ဝိပဿနာနည်းနှစ်ပါးပြွမ်းသော ကမ္မဋ္ဌာန်းတရားကို တပည့်သားတို့.အား ဟောကြားဆုံးမနိုင်ခြင်း၊ ဤအင်္ဂါ (၅) ပါး ပြည့်စုံမှ "ပတိဗလော ဟောတိ အန္တေဝါသိကံ အဘိဓမ္မေ အဘိဝိနယေ ဝိနေတုံ"[၁] အစရှိသော ပါဠို, အဋ္ဌကထာတို့.နှင့် ညီညွတ်၍ ပရိသတ်မွေးကောင်း, ကျောင်းထိုင်ကောင်းသည်။

"ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊
ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်၊
ကျောင်းထိုင်ဂါ:အင်္ဂါ"[၂]

ပါဠို အဋ္ဌကထာလာတိုင်းရုံးစု၍ ပြအပ်သော ဤအင်္ဂါမျှ မစုံလင်, စိဘ်ကောင်းလည်း မဝင်၍ နေ့စဉ်အာပတ် အထပ်ထပ်နှင့် ကိုယ်ကျိုးကိုလည်း ဖြောင့်ဖြောင့် မကျင့်တတ် မကျင့်လို၊ တပည့်သံဃာ ဒါယကာတို့.ကိုလည်း လမ်းမှန်အောင် မပြတတ် မပြလိုသော စာမတတ် အလဒ္ဓိ, စာတတ်မိစ္ဆာဝါဒီ အလဒ္ဓိသဒ္ဓါမဲ့ ကျောင်းထိုင်ပုဂ္ဂိုလ်တို့.ကိုမှီ၍ သာသနာတော်၌ များစွာ အညစ်အကြေး ဘေးရန် ဥပဒ်ကြီးစွာ ဖြစ်တတ်သည်။

ထိုတွင် (က) စာပေကျမ်းဂန်တတ်သိခြင်း (ခ) ဘုန်းတန်းလာတတ်သပ်ပကာ, ပူဇာသက္ကာရ, ပရိဝါရများပြားခြင်း၊ (ဂ) သဒ္ဓါမဖြူ, အယူပေါက်ပြဲ, ချွတ်လွဲတိမ်းပါး:

၁။ ဝိ၊ ၃၊ ၉၃။ ၉၇။ ဝိနယသင်္ဂဟ၊ ၁၆၆။ တို့၌ "ပဋိဗလောဟောတိ အန္တေဝါသိံ (လ) အဘိဓမ္မေဝိနေတုံ၊ အဘိဝိနယေ ဝိနေတုံ" ဟု ရှိနေ၏။

၂။ ကျောင်းထိုင်အင်္ဂါ (၅) ပါး

(၁) ဒသဝဿ = ဆယ်ဝါရခြင်း။
(၂) ဒွေဝိဘင်္ဂဝါစုဂ္ဂတ = ဒွေ မာတိကာကို အကျယ်ဝေဖန်သော ဝိဘင်းနှစ်ပါးကို ရခြင်း။
(၃) ကမ္မာကမ္မ = ကဲကြီးကဲ့ယဲ့ပြုနည်းကို နားလည်သိရှိခြင်း။
(၄) ခန္ဓကဝတ္တာ = မဟာဝါ, စူဠဝါ ပါဠိတော် ခန္ဓကပိုင်းဌ လာသော သိက္ခာပုဒ်တို့.ကို (ဝတ်တို့.ကို) သိရှိနားလည်ခြင်း။
(၅) ပရိသာယအာဘိဓမ္မဝိနယ = ရုပ်, နာမ် တရားအပိုင်းအခြားတို့.ကို သိရှိနားလည်၍ ဟောပြောပြသ ဆုံးမနိုင်ခြင်း။

ဟူ၍ ကျောင်းထိုင်အင်္ဂါ (၅) ပါးတည်း။

ထိုအင်္ဂါ (၅) ပါး ပြည့်စုံလျှင် ရဟန်း, သာမဏေ မွေး၍ ကျောင်းထိုင်ဘုန်းကြီး, ဥပဇ္ဈာယ်ဆရာ, နိသျည်းဆရာများ လုပ်နိုင်၏။

မောက်မှားပျက်ချော်ခြင်း၊ ယင်းအင်္ဂါ (၃) ပါး[၁] နှင့် ပြည့်စုံသော ဂိုဏ်းဆရာဦးကိုင် ကျောင်းထိုင် အလင်္ဂဇိုလ်ချုပ်ပုဂ္ဂိုလ်သည် လွန်စွာ သာသနာတော်ဖျက်ခြင်းငှာ စွမ်းနိုင်သည်ဟု ကျမ်းဂန်တို့၌[၂] လာသည်။

ကျေးတော, ကျေးရွာတို့၌ ရဟန်းသံဃာတို့ လှည်းစီး, နွားမွေး, ဆေးသောက်, ကွမ်းစား, ဆေးဝါး, အင်္ဂါယထိုး စသည်ဖြင့် သာသနာတော် နေရာမကျ ပျက်ပြားရခြင်း၊ လှူဒါန်း၍ အကျိုးရှိ, မရှိ၊ လင်္ဂဇိ, အလင်္ဂဇိပုဂ္ဂိုလ် အကောင်းအဆိုးကိုမျှ လူတို့မသိရှာရခြင်းများသည် မြို့ကြီး, ပြကြီး, စာသင်တိုက်ကြီး ထိုကဲ့သို့သော ဂိုဏ်းဆရာကြီးများထံကနည်းမရ၍ ထိုကဲ့သို့သော ကျောင်းထိုင်ဘုန်းကြီးများကို အမှီပြု၍ ဖြစ်ရာကြရသည်။

ထို့ကြောင့် ဂိုဏ်းဆရာ, ကျောင်းထိုင်, လူပိုင်, ရွာပိုင်, သာသနာပိုင်ပုဂ္ဂိုလ်တို့သည် ကျောင်းထိုင်အင်္ဂါစုံလင်၊ စိတ်ကောင်းဝင်စေလျက် ကိုယ့်ရှင်ကိုယ်ကို ဆင်ခြင်ဆုံးမ၍ အတ္တ, ပရ, သာသနဟိတသုံးပါး[၃] စည်ပင်ပြန့်ပွားအောင် အားထုတ်တော်မူနိုင်ကြစေကုန်သတည်း။

ကျောင်းထိုင်အင်္ဂါ ပြီး၏။

၁။ သာသနာ ဖျက်နိုင်သော အလင်္ဂဇိုလ်ချုပ်လက္ခဏာ (၃) ပါး
(၁) စာပေကျမ်းဂန်တတ်သိခြင်း။ (၂) ဘုန်းကြီး၌ အခြံအရံများခြင်း။
(၃) သဒ္ဓါတရားပါးရာ၊ ဖောက်ပြန်ရေးသမားဖြစ်ခြင်း။
ဤလက္ခဏာ (၃) ရပ်နှင့် ပြည့်စုံသော အလင်္ဂဇိဂိုဏ်းဆရာ ကျောင်းထိုင်ပုဂ္ဂိုလ်သည် သာသနာတော်ကြီးကို လွန်စွာ ပျက်စီးစေနိုင်၏။ ကပိလမထေရ်ကြီး၏ ဝတ္ထုဇာတ်သွားကို ကြည့်ရှုဆင်ခြင်ရာ၏။
ထိုပုဂ္ဂိုလ်မျိုးကို ရည်ရွယ်၍ ရှေးဆရာတို့က ဤသို့ မိန့်တော်မူခဲ့ကြကုန်၏။
"ဘုန်းကံကြီးမား၊ ခြွေရများ၍၊ ရှားပါးသဒ္ဓါ၊
သက်ဝါကြီးမင်း၊ စာခေါင်ချဉ်းပဲ့၊ ငါးခင်းအင်ညီ၊
အလင်္ဂဇိက်ာ၊ တိုက်ကျိအိမ်တွင်း၊ မီးထွန်းလင်း၍၊
အတင်းဝင်လျှိုး၊ ဖြူအောင်ခိုးသည့်၊ သူခိုးအလား၊
ဘုရားရွှေစက်၊ ပေအောင်ဖျက်သည်။ ။ ရှင်ပျက်အလင်္ဂဇိလ်ကြီးတည်း"
၂။ ဝိ၊ ဌ၊ ၂။ ၂၇၄။ ဝိနယသင်္ဂဟ၊ ၉၆။ ဝိမတိ၊ ၁။ ၃၃၉၊ ၃၄၀။ ဝိနယာလင်္ကာရ၊ ၁။ ၁၅၀၊ ၁၅၁၊ ၁၅၂။ ဝိ၊ ဌ၊ ၁။ ၁၉၉၊ ၂၀၀။ ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီး၊ ၇၀၊ ၇၁။ ဓမ္မောသဓီပနီစာတမ်း၊ ၅၅။ ၆၈၊ ၆၉။
၃။ အကျိုးစီးပွား (ဟိတ) ၃-ပါး
(၁) အတ္တဟိတ - မိမိ၏အကျိုးစီးပွား (ကိုယ်ကျိုး)
(၂) ပရဟိတ - သူတစ်ပါး၏အကျိုးစီးပွား (အများအကျိုး)
(၃) သာသနဟိတ - သာသနာတော်၏အကျိုးစီးပွား (သာသနာ့အကျိုး)
ထိုအကျိုးစီးပွား (၃) ပါးကို ဖြည့်ကျင့်နိုင်သူမှာ ကျောင်းထိုင်အင်္ဂါ စုံလင်သော လင်္ဂဇိပုဂ္ဂိုလ်ဖြစ်၍ စိတ်ကောင်းနှလုံးကောင်းရှိလျက်, မိမိကိုယ်ကို အမြဲသတိယဉ်၍ ဆင်ခြင်ဆုံးမနေသူပုဂ္ဂိုလ်မျိုးသာ ဖြစ်နိုင်ပါသည်။ ထိုသို့သော လင်္ဂဇိသူတော်စင်, ပညာရှင်သည်သာလျှင် သာသနာ့အကျိုး, အများအကျိုး, မိမိအကျိုးတို့ကို ယုံကြည်လေးစားစွာဖြင့် သယ်ပိုးနိုင်လိမ့်မည် ဖြစ်ပါသတည်း။

ကျောင်းထိုင်အင်္ဂါဆိုင်ရာပြီး၏။

၁၄။ ဝိဝါဒဇ္ဈေဒ

"ကာမရာဂါ.ဘိနိဝေသဝိနိဗန္ဓာ ဟိ ဂဟဋ္ဌာ ဂဟဋ္ဌေဟိ ဝိဝဒန္တိ။ ဒိဋ္ဌိရာဂါ ဘိနိဝေသဝိနိဗန္ဓာ သမဏာ သမဏေဟိ"[၁] ဟူသော မူလဋီကာပါဠိနှင့်အညီ အလောဘ နည်းပါး လောဘများ၍ ကာမရာဂအားကြီးခြင်းကြောင့် လူတို့.ချင်းချင်း ငြင်းခုံခိုက်ရန် ဖြစ်ကြရသည်။ ပညာနည်းပါး မောဟများ၍ ဒိဋ္ဌိရာဂအားကြီးခြင်းကြောင့် ရဟန်းတို့. ချင်းချင်း ငြင်းခုံခိုက်ရန် ဖြစ်ကြရသည်။

"ဆ ဝိဝါဒမူလာနိ တိဏိပိ အကုသလမူလာနိ၊ တိဏိပိ ကုသလမူလာနိ ဝိဝါဒါဓိကရဏာသ မူလံ"[၂]

၁။ မူလဋီကာ ၊ ၁။ ၉၁။ (စိတ္တာပ္ပါဒကဏ္ဍ၊ မူလရာသီအဖွင့်)

မှတ်ချက် ။ ။ အဂုံတို့ရှိပါဦးတော် ပထမတွဲစာမျက်နှာ၊ ၆၇၊ သမစိတ္တဝဂ်၌ကား "ကာမရာဂါ ဘိနိဝေသ ဝိနိဗန္ဓ ပလိဂေမ ပရိယုဋ္ဌာနဇ္ဈောသာနဟေတု (လ) ဂဟပတိကာပိ ဂဟပတိကေဟိ ဝိဝဒန္တိ။
ဒိဋ္ဌိရာဂါ ဘိနိဝေသ ဝိနိဗန္ဓ ပလိဂေဓ ပရိယုဋ္ဌာနဇ္ဈော သာနဟေတု ခေါ ဗြာဟ္မဏ သမဏာပိ သမဏေဟိ ဝိဝဒန္တိ" ဟု၍ ဟောတော်မူရင်း ဒေသနာ ရှိ၏။

မူလပဏ္ဏာသပါဠိတော် ၁၂၀၊ ၁၂၈ သုတ္တနိပါတ်ပါဠိတော် (၄၀၉) တို့.၌ကား ကာမ, ဒိဋ္ဌိတရားနှစ်ပါးကိုပင် အခြေခံ၍ အငြင်းပွားကြောင်း တစ်မျိုး ဟောတော်မူ၏။ ထိုကာမသည် ဝေဒနာကို သာယာဖွယ်အနေဖြင့် သုံးသပ်စွဲယူသောကြောင့်လည်းကောင်း, ဒိဋ္ဌိသည် သညာ ဝိပလ္လာသကြောင့် လည်းကောင်း ဖြစ်ပွားပေါ် ပေါက်ရသည်ဟု (ဝိဘင်းအနုဋီကာ၊ ခန္ဓဝိဘင်းအဖွင့်၊ ၇၊ ဂ) ၌ ဖွင့်ပြအပ်ပြီ။

၂။ ဝိ၊ ၄၊ ၂၁၂။ ၂၁၃။ (ဝိ၊ ၅။ ၁၆၄။ ၁၆၅။ ဒီ၊ ၃။ ၂၀၄။ ၂၀၅။ မ၊ ၃။ ၃၃။ ၃၄။ အံ၊ ၂။ ၂၉၄။ ၂၉၅။ အံ၊ ၃။ ၃၁၇။ ၃၁၈။ တို့.၌လည်းရှု)

စသော စူဠဝါပါဠိတော်လာ ဝိဝါဒမူလ တစ်ဆယ့်နှစ်ပါး[၁] တစ်ဆယ့်ရှစ်ပါး[၂] တို့တွင် ယခုကာလ ကုသလမူသုံးပါး[၃] တို့ဖြင့် တရားနှင့်အညီ ငြင်းခုံခြင်း ရှားလှ၏။

ကောဓ, ဥပနာဟ၊ မက္ခ, ပဠာသ၊ ကုဿာ, မစ္ဆရိယ၊ မာယာ, သာဌေယျ၊ ပါပိစ္ဆာ, မဟိစ္ဆာ၊ အာမာနဂ္ဂါဟ, ဒုပ္ပဋိနိဿဂ္ဂ - ဤအစုံအားဖြင့် ခြောက်ပါး[၄]၊ အပြားအားဖြင့် တစ်ဆယ့်နှစ်ပါး[၅]၊ အကုသလမူသုံးပါး၊ ဤ ကိုးပါး[၆] , တစ်ဆယ့်ငါးပါး[၇] ဝိဝါဒမူလအယုတ်တရားတို့ဖြင့်သာ များစွာငြင်းခုံကြသည်။

၁။ ဝိဝါဒမူလ (၁၂) ပါး။

(၁) ကောဓ = အမျက်ဒေါသကြီးခြင်း။ (၂) ဥပနာဟ = ရန်ငြိုးဖွဲ့ခြင်း

(၃) မက္ခ = ကျေးဇူးမသိတတ်ခြင်း (ကျေးဇူးကန်းခြင်း)

(၄) ပဠာသ = ဂုဏ်တဂုဏ်ပြိုင်လုပ်တတ်ခြင်း။

(၅) ကုဿာ = ငြူစူစောင်းမြောင်းခြင်း။ (၆) မစ္ဆရိယ = နမြောဝန်တိုခြင်း။

(၇) မာယာ = လှည့်ပတ်ဖြားယောင်းတတ်ခြင်း။
(= မိမိ၌ရှိသောအပြစ်ကို မရှိလေဟန်ဆောင်တတ်ခြင်း။)

(၈) သာဌေယျ = စဉ်းလဲကောက်ကျစ်ခြင်း။
(= မိမိ၌မရှိသောဂုဏ်ကို အရှိလုပ်တတ်ခြင်း။)

(၉) ပါပိစ္ဆာ = ယုတ်မာသောအလိုဆိုး ရှိခြင်း။ (စိတ်ယုတ်မာရှိခြင်း)

(၁၀) မိစ္ဆာဒိဋ္ဌိ = အယူဖောက်ပြန်ခြင်း

(၁၁) သန္နိဋ္ဌိပရာမာသ = မိမိအယူကို မှားယွင်းမှုဖြင့် သုံးသပ်နေတတ်ခြင်း။
(= အယူသည်းနေခြင်း)

(၁၂) အာမာနဂ္ဂါဟ ဒုပ္ပဋိနိဿဂ္ဂ = အမှားလမ်းစဉ်၌ တယူသန် တစောက်ကန်းစွဲလမ်းနေခြင်း။ (= မြဲမြံစွာ ဆုပ်ကိုင်ထားပြီး စွန့်လွှတ်နိုင်ခဲခြင်း။) ဟူ၍ ငြင်းခုံမှုဖြစ်ပွားတတ်သော အကြောင်းရင်း (၁၂) ပါး ရှိ၏။ ထို (၁၂) ပါးကို ဝိဝါဒမူလတရားများဟု ဟောတော်မူ၏။

ထိုတရားတို့သည် အစုံလိုက်တွဲလျှင် (၆) စုံ ရ၏။

ဝိဝါဒမူလ (၆) စုံကား

(၁) ကောဓ + ဥပနာဟ (၂) မက္ခ + ပဠာသ (၃) ကုဿာ + မစ္ဆရိ

(၄) မာယာ + သာဌေယျ (၅) ပါပိစ္ဆာ + မိစ္ဆာဒိဋ္ဌိ။

(၆) သန္နိဋ္ဌိပရာမာသ + အာမာနဂ္ဂါဟ, ဒုပ္ပဋိနိဿဂ္ဂ။

မှတ်ချက် ။ ။ ဤဝိနယကောသလ္လကျမ်း၌ " ပါပိစ္ဆာ + မဟိစ္ဆာ " ဟုရှိနေ၏။ မိစ္ဆာဒိဋ္ဌိ မပါရှိပါ။ ပါပိစ္ဆာနှင့် မဟိစ္ဆာသည် လောဘအရ ကောက်မှုတ်နေခြင်းကြောင့် စူဠဝါပါဠိတော် လာရင်းအတိုင်း " မိစ္ဆာဒိဋ္ဌိ " ကို " မဟိစ္ဆာ " နေရာမှာ ပြောင်းလွဲထည့်သွင်းယူပါသည်။ အခြားပါဠိတော်များနှင့်လည်း ညီညွတ်ပါသည်။

၂။ ဝိဝါဒမူလ (၁၈) ပါး။

(၁) အဓမ္မကို ဓမ္မ (၂) ဓမ္မကို အဓမ္မ (၃) အဝိနယကို ဝိနယ

(၄) ဝိနယကို အဝိနယ (၅) အဘာသိတကို ဘာသိတ (၆) ဘာသိတကို အဘာသိတ

(၇) အနာစိဏ္ဏကို အာစိဏ္ဏ (၈) အာစိဏ္ဏကို အနာစိဏ္ဏ (၉) အပညတ္တကို ပညတ္တ

(၁၀) ပညတ္တကို အပညတ္တ (၁၁) အာပတ္တိကို အနာပတ္တိ (၁၂) အနာပတ္တိကိုအာပတ္တိ

(၁၃) လဟုကအာပတ်ကို ဂရုကအာပတ် (၁၄) ဂရုကအာပတ်ကို လဟုကအာပတ်။

(၁၅) သာဝသေသအာပတ်ကို အနဝသေသအာပတ်

(၁၆) အနဝသေသအာပတ်ကို သာဝသေသအာပတ်

(၁၇) ဒုဋ္ဌုလ္လအာပတ်ကို အဒုဋ္ဌုလ္လအာပတ်။

(၁၈) အဒုဋ္ဌုလ္လအာပတ်ကို ဒုဋ္ဌုလ္လအာပတ်ဟု ငြင်းခုံခြင်း။ ဤ (၁၈) ပါးကို ဝိနည်းမဟာဝိဘင်္ဂ အဋ္ဌကထာဝတ္ထု၊ စူဠဝါဂ်ဝိဝါဒါဓိကရဏ်း၊ ပရိဝါဂ်ဘေဒကရဝတ္ထုဟု ဟောတော်မူ၏။

ထို့ကြောင့် ဥပုသ်သည်တို့ နေလွဲအခါ ကွမ်းစားရာ, ဆေးလိပ်သောက်ရာ၌ ဝိကာလ ဘောဇနသိက္ခာပုဒ်ပျက်သင့် မပျက်သင့် စသည်ဖြင့် တစ်စုံတစ်ရာ ဝိဝါဒ စကားဖြစ်ပွားကြသောအခါ ကြက်ညိုနောင်ကို အိုးမဲသုတ်၌ တိုက်သည့်အလား နောက်ထိုင်ညာသမား‌တို့ လက်ခုပ်တီး‌တိုင်း ရှေ့ဝိုင်းဆရာများက ထ၍ မခွပ်ကြသင့်ရာ။ ကြက်နှစ်ကောင်ခွပ်ရာ၌ ခွေးကိုက်ခြင်းငှာ လွယ်လှသည်။ နွားကွဲလျှင် ကျားကိုက်သည်ဟူသကဲ့သို့ အခြားဘာသာ, မိစ္ဆာဝါဒီ, ဗာဟိအယူသမား‌တို့ အနား‌တွင် စပ်ယှဉ်ပူး‌ကပ်လျက်ရှိနေသည်ဖြစ်၍ အတိဒုလ္လဘ ဗုဒ္ဓမြတ်စွာသာသနာသည် မကြာမီ ကွယ်ပျောက်ပျက်စီး‌လွယ်ရန် ရှိသည်များကို ဉာဏ်မျက်စိအမြင် ရှည်ရှည်နှင့် ဆင်ခြင်စိတ်စေး[၁] ၍ ကိုယ့်ဝမ်းရေးလောက်ကို မငဲ့ကြဘဲ ဧရာမသာသနာတော်မြတ်အရေး‌ကိုသာ အရေး‌ကြီး‌ပြုလုပ်ကြလျက် –

“တသေဝ ပါပဿ ဝိဝါဒမူလဿ ပဟာနာယ ဝါယ မေယျာထ။ အာယတိံ အနဝဿဝါယ ပဋိပဇ္ဇေယျာထ။[၂]

ပရေန စ ဝိဇာနန္တိ၊ မယမေတ္ထ ယမာမသေ။
ယေ စ တတ္ထ ဝိဇာနန္တိ၊ တတော သမန္တိ မေဓဂါ။
အဋ္ဌိစ္ဆိန္နာ ပါဏဟရာ၊ ဂဝါသဓနဟာရိနော။
ရဋ္ဌံ ဝိလုပ္ပမာနာနံ၊ တေသံ ပိ ဟောတိ သင်္ဂတိ။
ကသ္မာ တုမှာက နောသိယာ[၃]။
ဝိဝါဒံ ဘယတော ဒိတ္ဝာ၊ အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ[၄]။

ဟူသော ပါဠိတော်မြတ်တို့ကို ထိပ်ပေါ်သံမှိနှက်သည့်နယ် တင်ရွက်နာခံကြ၍ အများနှစ်သက်ယုံကြည်သော ဓမ္မဝိနိစ္ဆယကို မရသေးမီ “ဂရုက လဟုကေသု ဂရုကေ ဌာတံ့ဖွံ့။ ဧတံ ဝိနယလက္ခဏံ”[၅] ကျမ်းဂန်နှင့်ညီစွာ မလွန်နိုင်သည့် လေးရာဘက်သို့လိုက်၍ မလိုက်နိုင်ရှိနေလျှင်လည်း ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ရှိသည့်အနက် ဝိဝါဒဖြစ်သည့် အချက်တစ်ခုကို ဖယ်ထား၍ ဓမ္မက္ခန္ဓာ ရှစ်သောင်းသုံးထောင်ကိုးရာကိုးဆယ့်ကိုးပါး[၆]

၁။ ဆင်ခြင်နုလုံးသွင်း၍

၂။ ဝိ၊ ၄။ ၂၁၂။ ၂၁၃။ ဝိ၊ ၅။ ၁၆၆။ အံ၊ ၂။ ၂၉၄။ မ၊ ၃၊ ၃၄။ (အနည်းငယ်ကွဲပြား၏)

၃။ ဝိ၊ ၃၊ ၄၉၆ (ဂါထာ)

၄။ အပဒါန၊ ၁၊ ၇။ အပဒါန၊ ၂။ ၄၂၀။ (စရိယာပိဋက)

၅။ ဝိ၊ ၄။ ၃။ ၂၉။ ဝိနယသင်္ဂဟ၊ ၇၉။

၆။ အကုသိလမူသုံးပါး‌ကို အခြေခံသော အငြင်းပွားမှု (ဝိဝါဒတရား) စကား‌သည် သာသနာကွယ်နိုင်သောဘေးဆိုး‌ကြီး ညီညွတ်ရေးပျက်တရားဆိုး‌ကြီးဖြစ်ခြင်း‌ကြောင့် ထိုဝိဝါဒတရား (အငြင်းအခုံစကား) များ‌ကို မပြောပါနှင့်။ ဖယ်ရှား‌ပြီး နေထိုင်ပါ။ ဘုရားဟော ဓမ္မက္ခန္ဓာတွေသည် ရှစ်သောင်းလေးထောင် (၈၄၀၀၀) အထိ များပြားပါ‌၏။

ထိုဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ထဲက ဝိဝါဒ (ငြင်းခုံစရာ) တရားစကားတစ်ခုကို ချန်

ညီညွတ်သည့် တရားစကားကိုသာ ပြောဟောကြ၍ ဤစာအုပ်ပါ အယုတ်တရားတို့ကို ဖယ်ရှား၊ လဒ္ဓိ အလဒ္ဓိ မကွဲမပြား၊ လဒ္ဓိသူတော်ကောင်းချည်းသာ ဖြစ်ကြ၍ တစ်နေ့တစ်ခြား အတိဒုလ္လဘ ဗုဒ္ဓမြတ်စွာသာသနာ စည်ပင်ပြန့်ပွားအောင် အားထုတ်နိုင်ကြစေကုန်သတည်း။

ကောသမ္မိပြည်သား တို့ကဲ့သို့ တကာများ ချင်းချင်း ညီညွတ်စေ့စပ်ကြလျှင် ဆရာများလည်း ကွဲပြား မရှိပြီ။ သာသနာ့ဒါယကာတို့ သတိပြုရန်။

ဝိဝါဒဆွေဒပြီး၏။

ဝိနယကောသလ္လကျမ်း, ကျမ်းညွှန်းနှင့်တကွ ဖွင့်ဆိုချက် စိစစ်ချက် အားလုံး ပြီးဆုံးပြီ။

၁၃၅၈-ခု၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၁) ရက်။

ထားပြီး၊ ကျန်သော ဓမ္မကွန်ရာရှစ်သောင်းသုံးထောင်ကိုးရာကိုးဆယ့်ကိုး (၈၃၉၉၉) ပါး၊ တရားစကား တွေကိုသာ ပြောဟောပါ။ အန္တရာယ်များပြီး၊ သာသနာတော်ကြီး ပျက်စီးသွားနိုင်၍ ဆိုခဲ့ပြီး၊ ဝိဝါဒ (အငြင်းအခုံပွားစရာ) တရားစကားမျိုးကိုတော့ ရောင်ကြဉ်ပါ။ လုံးဝ မပြောပါနှင့်ဟု ဆိုလို၏။

(က) ဝိဝါဒဖြစ်နိုင်၍ မပြောရန် ဓမ္မကွန်ရာ ၁-ပါး၊

(ခ) ညီညွတ်မှုဖြစ်နိုင်၍ ပြောရန် (ကျန်) ဓမ္မကွန်ရာ ၈၃၉၉၉ ပါးဟု မှတ်ပါ။

ဝိဝါဒဆွေဒဆိုင်ရာ ပြီးပြီ။

